# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


ဘုရားပွင့်၍ ချမ်းသာ၏။
တရားဟော၍ ချမ်းသာ၏။
သံဃာသင့်မြတ် ချမ်းသာ၏။
ညီညွတ်အကျင့် ချမ်းသာ၏။
ပွင့်ခြင်း ဟောခြင်း သင့်မြတ်ခြင်း
ညီညွတ်ခြင်းကြောင့် ချမ်းသာ၏။

ဓမ္မပဒ၊ ဗုဒ္ဓဝဂ်။ ဘုရားသခင်-၁၉၄။
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၇ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၁၅)


# အိမ်နီးချင်းနိုင်ငံလည်းဖြစ်၊ အာဆီယံဉက္ကဋ္ဌလည်းဖြစ်သည့် လာအိုနိုင်ငံအား တတ်အားသရွေ့ဘက်ပေါင်းစုံမှ ထောက်ခံအားပေးသွားမည်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်**

# စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားလို

**လာအိုနိုင်ငံသမ္မတ ဘွန်ညံဗိုရာချစ်**



မြန်မာ-လာအို နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်

**နေပြည်တော် မေ ၆**

အိမ်နီးချင်းနိုင်ငံလည်းဖြစ်၊ အာဆီယံဉက္ကဋ္ဌလည်းဖြစ်သည့် လာအိုနိုင်ငံအား တတ်အားသရွေ့ဘက်ပေါင်းစုံမှ ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆




# အများပြည်သူတို့ ကျေနပ်ဝမ်းမြောက်စေရာ


ရက် ၁၀၀ လုပ်ငန်းစီမံချက်များရေးဆွဲပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော်နေကြပြီ ဖြစ်သည်။ မေလ ၁ ရက်နေ့မှ စတင်သည့် ရက် ၁၀၀ စီမံချက်လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့် ရက်တိုတိုအတွင်း ပြီးစီးနိုင်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ ရက် ၁၀၀ ၏ အောင်မြင်မှုအတိုင်းအတာက အစိုးရသစ်၏ အရည်အသွေးကို ဖော်ပြမည့်အညွှန်းကိန်းလည်း ဖြစ်လာမည်။ အဓိကအားဖြင့်မူ ပြည်သူများက အကျိုးခံစားကြရမည်။

ရက် ၁၀၀ အတွင်း တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး၊ ပြည်သူ့ဘဝလုံခြုံရေး၊ ပြည်သူများကို ဝန်ဆောင်မှုပေးရေး အတွက် ရဲတပ်ဖွဲ့များက ဆောင်ရွက်ကြမည်။ ဒေသဖွံ့ဖြိုးရေး အတွက် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးက အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ကျေးလက်များ သောက်သုံးရေရရှိရေး ရက် ၁၀၀ စီမံချက်ကို ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည်။ စက်မှုလယ်ယာဦးစီးဌာနကလည်း လယ်ယာသုံးစက်ကိရိယာများဖြင့် လယ်ယာလုပ်ငန်းဝန်ဆောင်မှုများကို ဈေးနှုန်းများ လျှော့ချဝန်ဆောင်မှုပေးမည်။ ထို့ပြင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုလျှော့ချရေး အကြီးစား အဆင့်မြှင့်တင်မည့်လုပ်ငန်း၊ မန္တလေးနန်းမြို့ရိုးနှင့် ကျုံးအကြားတွင် ဥယျာဉ်တည်ဆောက်မည့်လုပ်ငန်း၊ ဖလမ်းမြို့ မီးရရှိရေး လုပ်ငန်း …စသည်စသည်ဖြင့် ရက် ၁၀၀ လုပ်ငန်းစီမံချက်များကို သတင်းများ၌ တွေ့ရသည်။ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် အစီအစဉ်များလည်း အမြောက်အမြား ရှိသေးသည်။

ရက် ၁၀၀ လုပ်ငန်းစီမံချက်များကို ကဏ္ဍအသီးသီးရှိ ဌာနဆိုင်ရာများက ပြည်သူ့ဝန်ဆောင်မှုကို ဦးတည်၍ အချိန်တိုတိုအတွင်း လက်တွေ့အကောင်အထည် ဖော်ကြရမည် ဖြစ်သည့်အတွက် ဆောင်ပုဒ်များနှင့် ဆိုင်းဘုတ်များ ဖုံးလွှမ်းသည့်ခေတ်မှ စီမံချက်များနှင့်မတူဘဲ ကွဲပြားခြားနားလိမ့်မည်ဟု ယုံကြည်မိသည်။ ယခင်စီမံချက်များက ပြည်သူလူထုကို တွန်းအားပေးခဲ့ခြင်းဖြစ်ပြီး အောက်ခြေအဆင့်ဆင့်တို့က မဖြစ်မနေ အကောင်အထည်ဖော်ကြသောအခါ ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့သည်။ ပြည်သူတို့၏ ငြိုငြင်မှုကိုခံရသည်။ အတင်းအကျပ်ခိုင်း၍သာ လုပ်ခဲ့ကြရသည်။ အမှန်တကယ် ပူးပေါင်းပါဝင်သည်ဟု မဆိုနိုင်။

ယခုရက် ၁၀၀ လုပ်ငန်းစီမံချက်များကမူ ပြည်သူ့အတွက် ပြည်သူ့ဝန်ထမ်းများက ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း မိမိတို့နှင့်မသက်ဆိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်ကြရမှာမဟုတ်ဘဲ မိမိတို့ ဆောင်ရွက်မြဲ လုပ်ငန်းများကို ပြည်သူလူထုအကျိုးအတွက် စေတနာပါပါ ဆောင်ရွက်သွားကြရမှာဖြစ်သည်။ သတိပြုရမည့်အချက်မှာ အချို့ဌာနများတွင် ရှိနေတတ်သည့် ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိတော့ပြီဖြစ်သော လုပ်ထုံးလုပ်နည်းဟောင်းများကို ပြန်လည်စိစစ်သုံးသပ်ပြီး ပြည်သူအပေါ်ဝန်မပိုစေရန်အတွက် ဖြေလျှော့ပေးခြင်း၊ ဖယ်ရှားရှင်းလင်းခြင်းတို့ ပြုလုပ်ပေးရန်ဖြစ်သည်။ အချို့သော လုပ်ထုံးလုပ်နည်း အဟောင်းများက အကျင့်ပျက်ဝန်ထမ်းအချို့ ပညာပြပြီး စားကွက်ထွင်ရန်အတွက် ခွင့်ပြုပေးနေသည့်နှယ် ဖြစ်နေတတ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် ရက် ၁၀၀ စီမံချက်များသည် အစိုးရသစ်၏ ပဏာမအဖွင့်သာဖြစ်၍ ပြည်သူကို ကျေနပ်ဝမ်းမြောက်စေသော လှပသည့်နိဒါန်းသာလျှင် ဖြစ်သင့်သည်။ ထို့ပြင် ရက် ၁၀၀ စီမံချက်များသည် ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများအကြား ရင်ကြားစေ့ပေးနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်သည်။ ရက် ၁၀၀ အလွန်တွင်မူ အစိုးရသစ်၏ မူဝါဒများနှင့်အညီ ပြည်သူကိုဗဟိုပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ရာ ရက် ၁၀၀ အပြီး ပွဲပြီးမီးသေ မဖြစ်စေသင့်ပါကြောင်း ။ ။




# Kone အလှကုန်ပစ္စည်းအား အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်းသိရ

**နေပြည်တော် မေ ၆**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေး စစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ Kone Natural Herb Co.,Ltd Thailand ကုမ္ပဏီကထုတ်လုပ်သော Kone Facial Cream –Sunscreen Lotion (25ml) ကုန်ပစ္စည်းသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း Hydorquinone များပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အလှကုန်ပစ္စည်းများကို အများပြည်သူ သုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်၌ တင်သွင်း၊ ဖြန့်ဖြူးရောင်းချမှုတွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်များက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းတွင် ဒေသခံတောင်သူများ အကျိုးဖြစ်ထွန်းစေရန် အကူအညီများရယူနိုင်

**ဘားအံ မေ ၆**

သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း ၂၀၁၄ ခုနှစ် ဩဂုတ် ၇ ရက်က ဖွင့်လှစ်ထားပြီး ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ခေတ်မီစက်ပစ္စည်းကိရိယာများအသုံးပြု၍ စိုက်ပျိုးသီးနှံပင်များတွင် ကျရောက်ဖျက်ဆီးတတ်သော ရောဂါပိုးမွှားများကို စနစ်တကျ ခွဲခြားသိရှိနိုင်စေရန်၊ ပြည်နယ်အတွင်း ကျရောက်သော ရောဂါပိုးမွှားများကို မှတ်တမ်းထားရှိရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဓာတ်ခွဲခန်းတွင် အပင်နှင့် အပင်ထွက်ပစ္စည်းဆိုင်ရာ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများတွင် ပိုးမွှားထိန်းချုပ်ရေး လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ စပါးအပါအဝင် နှံစားသီးနှံများ၊ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံသီးနှံများ၊ ဟင်းသီးဟင်းရွက်သီးနှံများ၊ သစ်သီးဝလံသီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများတွင် ကျရောက်ဖျက်ဆီးတတ်သည့် ပိုးမွှားရောဂါများကို အချိုးအစားတိကျစွာဖော်ထုတ်၍ သင့်လျော်သည့် ကာကွယ်နှိမ်နင်းနည်းများကို အကြံပြုဖြေရှင်းပေးနေပြီး ယခုအချိန်ထိ သီးနှံကာကွယ်ရေးဓာတ်ခွဲခန်း၌ ဓာတ်ခွဲစမ်းသပ်ပြီး အများဆုံးတွေ့ရသော ပိုးမွှားများမှာ စပါးပိုးလောင်မီး၊ စပါးဆစ်ပိုး၊ စပါးကြက်သွန်ဖျက်ပိုးနှင့် ရောဂါများမှာ စပါးရွက်ညိုးပျောက်၊ စပါးရွက်ဖုံးခြောက်များဖြစ်သည်ဟု သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သန်းသန်းလွင်က ပြောကြားသည်။

တောင်သူလယ်သမားများအနေဖြင့် စိုက်ခင်း၌ တွေ့ကြုံနေရသော ပိုးမွှားရောဂါ ပြဿနာများကို သိရှိလိုပါက သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းသို့ သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဦးစီးမှူးရုံး သို့မဟုတ် ပြည်နယ်ဦးစီးမှူးရုံး ဘားအံမြို့ ဖုန်း ၀၅၈-၂၄၂၉ သို့ ဆက်သွယ်၍ အကူအညီများရယူနိုင်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## မြန်မာ့အလင်းသို့ ကာတွန်းပေးပို့သော ကာတွန်းပညာရှင်များသို့ မေတ္တာရပ်ခံချက်

မြန်မာ့အလင်းသတင်းစာတိုက်သို့ ပေးပို့သော ကာတွန်းစာမူများကို သတ်ပုံသတ်ညွှန်း မှန်ကန်စွာ ရေးသားပေးပို့ပါရန်၊ တိုက်ပြိုင်ပေးပို့ခြင်းမပြုလုပ်ဘဲ တစ်တိုက်တည်းသာ ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။ ပေးပို့သောကာတွန်းများကို ငါးရက်အတွင်း စိစစ်ရွေးချယ်ဖော်ပြသွားမည်ဖြစ်ပြီး ဆက်သွယ်ရန်လိပ်စာ(သို့) ဖုန်းနံပါတ်များပါ ကာတွန်းစာမူတွင် ထည့်သွင်းပေးရန် လိုပါသည်။ ပေးပို့ခဲ့သော ကာတွန်းစာမူများကို မိမိတို့တွင် မိတ္တူထားရှိပြီး ရွေးချယ်ခြင်းမခံရသော ကာတွန်းများကို ပြန်လည် ပေးပို့သွားမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့အလင်းစာတည်းအဖွဲ့**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၆-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၉.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃.၄၀ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၆၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၂ |
| တရုတ် | တစ်ယွမ် | ၁၈၀.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၁၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ် အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် မြေမြှုပ်မိုင်းရှင်းလင်းရေး ဆွေးနွေး

**နေပြည်တော် မေ ၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ရုရှားသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နံနက် ၁၀ နာရီတွင် လည်းကောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ရုရှားသံအမတ်ကြီးနှင့် တွေ့ဆုံခဲ့ရာတွင် ရုရှား-မြန်မာစစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်၏ လုပ်ငန်းကိစ္စရပ်များ၊ ပညာတော်သင် စေလွှတ်ခြင်းဆိုင်ရာကိစ္စများနှင့် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဗြိတိန်သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြေမြှုပ်မိုင်းရှင်းလင်းရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သံတမန် နှစ်(၆၀)ပြည့် နယ်လှည့်ပြပွဲ ကျင်းပ

**မန္တလေး မေ ၆**

ချက်နိုင်ငံ၏ ရတနာများ အမည်ရနယ်လှည့်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ချမ်းမြသာစည် မြို့နယ် မင်္ဂလာမန္တလေးရှိ သီရိအနုပညာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာနိုင်ငံဆိုင်ရာ ချက်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Jaroslav Dolecek၊ တရုတ်ကောင်စစ်ဝန်ချုပ် မစ္စတာဝမ်ယုနှင့် အဖွဲ့ဝင်များ၊ ပန်းချီဆရာများ၊ အနုပညာရှင်များ၊ မီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သံအမတ်ကြီး Mr. Jaroslav Dolecek က ယခုပြပွဲတွင် ချက်ပြည်သူ့သမ္မတနိုင်ငံ၏ ထင်ရှားကျော်ကြားသော လူပုဂ္ဂိုလ်များ၊ ကမ္ဘာကျော်တီထွင်ဖန်တီးမှုများနှင့် ကဏ္ဍပေါင်းစုံကို မိတ်ဆက်ပြသသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်သည် ချက်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးနှစ်(၆၀)ပြည့်သည့် နှစ်ဖြစ်၍ မန္တလေးမြို့မှအစပြုပြီး မြန်မာနိုင်ငံ၏ တခြားမြို့များ၌လည်း ပြသသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါပြပွဲတွင် ချက်နိုင်ငံ၏ အကြီးဆုံးရဲတိုက်၊ သမိုင်းဝင်တံတား၊ တော်ဝင်စစ်မြင်း၊ ဗီယကျောက်၊ ကြိုးပေါ်မှကပြသူများ (ရုပ်သေး)၊ သက်ရှိရတနာများ၊ ကျောက်သားမြို့တော်များ၏ ဓာတ်ပုံများနှင့် မှတ်တမ်းများ ပြသထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် မေ ၆**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ် တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တရားမဝင်ကုန်သွယ်မှု တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် မေ ၆**

မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုတားဆီးတိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် မြန်မာ့စီးပွားရေးဖိုရမ် (MBF)မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်သူ့လွှတ်တော်ရေးရာဆောင် (I-1)၌ကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန ငါးခုမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ့စီးပွားရေးဖိုရမ်တို့မှ တာဝန်ရှိသူများပါဝင် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ဘုရားသုံးဆူမြို့ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေး

**ဘားအံ မေ ၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော ဘုရားသုံးဆူမြို့၏ အစိုးရသစ်ပထမ ရက်ပေါင်း ၁၀၀ ကာလအတွင်း လုပ်ဆောင်ရမည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီခွဲတွင် KNU ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ဘုရားသုံးဆူမြို့ဆိုင်ရာ အချက်အလက်များနှင့် မြန်မာ-ထိုင်းနယ်စပ် နယ်နိမိတ်အခြေအနေများကို မြို့အုပ်ချုပ်ရေးမှူး ဦးမင်းမြတ်ကိုက ရှင်းလင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာကြသော ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြတောင်းဆိုကြရာ ဘုရားသုံးဆူမြို့အား မြို့နယ်ခွဲအဆင့် တိုးမြှင့်ပေးနိုင်ရေးနှင့် မိမိတို့မြို့သည် ထိုင်းနိုင်ငံနှင့် နီးစပ်သော နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ကုန်သွယ်မှုဆိုင်ရာများ၊ မြို့ရေပေးဝေရေးစနစ် ပိုမိုကောင်းမွန်စွာ ရရှိရေးနှင့် ဘုရားသုံးဆူမြို့သို့ ဆက်သွယ်သွားလာနိုင်သော မွန်ပြည်နယ် သံဖြူဇရပ်လမ်း၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးလမ်းနှင့် ကျိုက်ဒုံလမ်းများ ပိုမိုကောင်းမွန်သည်အထိ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် တင်ပြတောင်းဆိုကြသည်။ အဆိုပါ တောင်းဆိုမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကရင်ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်သောကိစ္စများအား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုအစိုးရ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအား ဆက်လက်တင်ပြကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘုရားသုံးဆူမြို့ ဓမ္မဟောဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသား ကျောင်းသူ ၂၈၅ ဦး စားရေးသောက်ရေး အဆင်ပြေစေရေးအတွက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ထောက်ပံ့သော ရိက္ခာဆန် ၅၄၃ အိတ်စာအတွက် ငွေကျပ် ၁၄၁ သိန်း တစ်သောင်းရှစ်ထောင်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# မန္တလေးမြို့ ကလေးဆေးရုံကြီး၌ ကုသနေသည့် ဆီးခုံချင်းဆက်အမြွှာအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကျော်ရ

**မန္တလေး မေ ၆**

မန္တလေးမြို့ ခုတင် ၅၅၀-ဆံ့ ကလေးဆေးရုံကြီး၌ သုံးလသားကျော်အရွယ်ရှိ ဆီးခုံချင်းဆက်အမြွှာ ကလေးငယ်နှစ်ဦးအား ပြုစုစောင့်ရှောက်ထားခဲ့ရာ ယခုအခါ ကလေးငယ်အတွက် ထောက်ပံ့လှူဒါန်းသူများ ရောက်ရှိလာပြီး မေ ၆ ရက်အထိ အလှူငွေကျပ် သိန်း ၁၀၀ ကျော် ရရှိခဲ့ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာသက်ဆွေကပြောကြားသည်။

"ကလေးတွေအတွက် ကျွန်တော်တို့ ကြိုးစားပေးတာပါ။ ပွင့်လင်းမြင်သာမှုရှိစွာ အများပြည်သူကို သိစေချင်တာကလွဲပြီး တခြား ဘာမှမရှိဘူး။ လှူတဲ့သူတွေ ရောက်လာတော့ဝန်ထမ်းတွေ အလုပ်ပိုလုပ်ပေးကြရတယ်။ အလှူငွေတွေကို မေ ၂ ရက်ကစပြီး conjoint twin အမည်နဲ့ ဘဏ်မှာ စာရင်းဖွင့်ထားတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ဆီးခုံချင်းဆက်ကလေးငယ် သတင်းကို သိရှိသည့် မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ ပရဟိတအဖွဲ့များ လာရောက်လှူဒါန်းကြသဖြင့် ယင်းအလှူငွေများကို ကလေးဆေးရုံကြီး၌ ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးကျော်မြင့်နှင့် သူနာပြုဆရာမကြီး ဒေါ်လဲ့လဲ့ဝင်း တို့အမည်ဖြင့် ဘဏ်တွင် အပ်နှံထားကြောင်း သိရသည်။ "မေ ၁ ရက်ကစပြီး အလှူရှင်တွေ ရောက်လာတယ်။ ကလေးတွေ ကျန်းမာရေးအတွက်လိုအပ်တဲ့ စောင့်ရှောက်မှုတွေ လုပ်ပေးနေတာပါ။ အတွင်းအင်္ဂါနဲ့ ဆက်စပ်တဲ့ခွဲစိတ်မှုတွေ လုပ်ဖို့က နုနေသေးတယ်။ တစ်နှစ်အရွယ်လောက်မှ အကြီးစားခွဲစိတ်မှုတွေလုပ်ရမှာပါ"ဟု ဆက်လက်ပြောကြားသည်။ ဆီးခုံချင်းဆက် ကလေးငယ်နှစ်ဦးကို မန္တလေး ၅၅၀ ဆံ့ ကလေးဆေးရုံ အထူးခန်း၌ အခမဲ့ဆေးကုသမှုများဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနေပြီး လက်ရှိတွင်ကလေးငယ်နှစ်ဦးမှာ တစ်နေရာတည်းမှ အညစ်အကြေးစွန့်ထုတ်နေခြင်းကို တစ်ဦးစီစွန့်ထုတ်နိုင်ရန် အူမှတစ်ဆင့် လမ်းကြောင်းပေးခွဲစိတ်ထားရကြောင်း သိရသည်။ ၎င်းအမြွှာကလေးငယ်များကို မုံရွာဆေးရုံ၌ ယခုနှစ် ဇန်နဝါရီ ၁၃ ရက် နံနက်၁၀ နာရီက မွေးဖွားခဲ့ပြီး ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)သို့ ဇန်နဝါရီ ၁၆ ရက်တွင် ရောက်ရှိကုသမှုခံယူခဲ့ကာ မိဘများမှာ မုံရွာမြို့နယ် ညောင်ပင်သာရွာမှ ကိုအောင်ညိမ်း- မမာလာစန်းတို့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ၊ ရက်**

**(၂၀၁၆ ခုနှစ်၊ လ၊ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ **ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ (ဂ) အနိမ့်ဆုံးအခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊"

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ) ကို ပယ်ဖျက်ရမည်။

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(င) နှင့် ပုဒ်မခွဲ(ည)တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅။ (င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ငါးနှစ်နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်း မဟုတ်ခြင်း၊"

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့်အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ သဘောဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်မိရပ်ဖ ငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် သတ်မှတ်အတည်ပြုပေးရမည်။"

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(စ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို အစဉ်လိုက်ရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုအဖွဲ့များ ဖွဲ့စည်းရမည်။

(စ) ပုဒ်မခွဲ(င)အရ ပြုစုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးကို အိမ်ထောင်စုတစ်စုစီမှ အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ် ပြည့်ပြီးသူ အိမ်ထောင်စုဝင်တစ်ဦးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသော မဲစာရင်းကို ရေတွက်၍ ကြေညာရမည်။"

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်ထက်မပိုစေရ၊"

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ (ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။"

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဍ)၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မခွဲ(ဓ)နှင့် ပုဒ်မခွဲ(ဝ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ (စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး တာဝန်ယူ၊ တာဝန်ခံကျင်းပစေခြင်း၊

(ည) အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေ အနားယူမှုလုပ်ငန်းများ တည်ထောင်ခွင့် တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက် မလိုက်နာလျှင်ဖြစ်စေ အရေးယူခြင်း အရေးယူရန် အကြောင်းကြားခြင်း၊

(ဍ) လက်ပူးလက်ကြပ်ဖမ်းဆီးရမိခြင်းမရှိသော လူဆိုး၊ သူခိုးများအား ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊

(ပ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန် လိုအပ်သောနေရာများကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် စစ်ဆေးခြင်း၊

(ဓ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများကို အချိန်နှင့် တစ်ပြေးညီ ပြုစုခြင်း၊

(ဝ) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏ အကျိုးကို လတ်တလောထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊"

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ) ကို ပယ်ဖျက်ရမည်။

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၅ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်-"

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့် ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၄ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်-"

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ မည်သူမဆို ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက် မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်။"

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

---

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**

**(၁၃၇၈ ခုနှစ်၊ လ ရက်)**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅ တွင် ပါရှိသော **"အဖွဲ့ဝင် ငါးဦးစီကို"** ဆိုသည့် စကားရပ်ကို **"ငါးဦးစီထက် မပိုသောအဖွဲ့ဝင်များကို"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ (က) တွင် ပါရှိသော **"ရွေးချယ်ထားသည့်အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၏"** ဆိုသည့် စကားရပ်ကို **"ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

# ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ **ရေချိုငါးလုပ်ငန်းဥပဒေ** (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၁)ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် လွှတ်တော်များက **ရေချိုငါးလုပ်ငန်းဥပဒေ** ပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# မိုးရာသီတွင်ဖြစ်တတ်သောရောဂါများအတွက် အသိပညာပေးဟောပြော

**ပုသိမ် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အကယ်ကြီးကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ ဘုန်းကြီးကျောင်း၌ မေ ၆ ရက် နံနက် ၉ နာရီက ကျန်းမာရေးဦးစီးဌာန ရက် ၁၀၀ စီမံချက်အရ မိုးရာသီတွင်ဖြစ်တတ်သော ရောဂါများအတွက် ကျေးရွာအရောက်ကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေး ဟောပြောသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ဒေါင့်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲ ကျန်းမာရေးမှူး ဦးသောင်ကြိုင်က ကျန်းမာရေးအသိပညာပေးဟောပြောပြီး တက်ရောက်လာကြသူများက ပြည်လည်ဆွေးနွေးခဲ့သည်။ ဒေါင့်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကျေးရွာအုပ်စု ၁၂ စု၊ ကျေးရွာ ၅၅ ရွာ ပါဝင်ပြီး ယခုရက်ပိုင်းအတွင်း ကျန်းမာရေးအသိပညာပေးဟောပြောပွဲများနှင့်အတူ ဆေးဝါးကုသခြင်းများပါ ဆောင်ရွက်ပေးလျက်ရှိသလို ၄က်သိုက်၊ ကြို့ကုန်းကျေးရွာအုပ်စုများတွင် မိုးမကျမီ ထူးခြားစွာ ယင်ကောင်များ ပေါက်ပွားသဖြင့် ယင်ကောင်ကြောင့် ဖြစ်တတ်သည့်ရောဂါများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

---

# ပြင်ဆင်ဖတ်ရှုပေးပါရန်

၆-၅-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြပါရှိသော "ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း" ၏ ပထမကော်လံ အခန်း(၁) (က) တွင် တိုင်းရင်းသားမိဘနှစ်ပါးမှ **မမွေးဖွားသူ** အစား **မွေးဖွားသူ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(စာတည်းအဖွဲ့)**

# ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၆**

ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ် (၂၁) ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ယင်းနောက် ပညာရေးဝန်ကြီးဌာန၏မူဝါဒနှင့် ဦးစားပေးဆောင်ရွက်မည့်အစီအစဉ်များ၊ ရက် ၁၀၀ စီမံချက်များကို ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အရှိန်အဟုန်မြှင့်တင်၍ ရေတိုရေရှည်စီမံကိန်းများကို ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ တာဝန်ယူ တာဝန်ခံ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြ၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆွေးနွေးမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ ပြန်လည်ဖွဲ့စည်းခြင်းဆိုင်ရာများကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက Alternative Education ဌာနသစ်တည်ထောင်ခြင်းကို လည်းကောင်း၊ Mr. Nick Cumpston က ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် UNICEF မှ Mr. Bertrand Bainvel နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော Australia, ADB, BC, Denmark, DFID, EU, Finland, GIZ, ILO, Israel, JICA, KOICA, MEC, Norway, OSF, Pyoe Pin, Save the Children, SDC, UNESCO, UNFPA, UNICEF, USAID, WFP, WB, World Education တို့မှ ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ အမြဲတမ်းအတွင်းဝန်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အကြံပေးပညာရှင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အသေးစားနှင့်အလတ်စား စီးပွားရေးဖွံ့ဖြိုးလာစေရန် စွန့်ဦးတီထွင်လုပ်ငန်း ဆရာ ဆရာမများအား ILO လက်မှတ်ပေး

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်မည့်သူများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး စီမံခန့်ခွဲမှုအတတ်ပညာများ လေ့ကျင့်သင်ကြားပေးရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO)က သင့်လုပ်ငန်းစတင်ခြင်းနှင့် တိုးတက်စေခြင်း (Start and Improve Your Business-SIYB) အစီအစဉ်၏ မြန်မာနိုင်ငံ၌ ပထမဆုံးသော Master Trainer ကိုးဦးအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။ **(ယာပုံ)**

"ကျွန်တော်တို့မြန်မာနိုင်ငံမှာ အခုအချိန်မှာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ တွန်းအားပေး လုပ်ဆောင်နေချိန်ဖြစ်ပါတယ်။ အခုလို အသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းတွေနဲ့ စွန့်ဦးတီထွင်လုပ်ငန်းတွေမှာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ILO က ကျွမ်းကျင်သူတွေ မွေးထုတ်ပေးခြင်းဖြင့် မြန်မာစီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် များစွာ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးအုန်းမြင့်က ယနေ့ညနေပိုင်းတွင် စကိုင်းစတားဟိုတယ်၌ ကျင်းပသော အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။



"ILO ရဲ့ ရည်ရွယ်ချက်ကတော့ နောင်အနာဂတ်မှာ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မယ့်သူတွေကို ကူညီထောက်ပံ့သင်ကြားပေးနိုင်တဲ့ ကျွမ်းကျင်တဲ့ ပြည်တွင်းသင်တန်းဆရာတွေ မွေးထုတ်ပေးနိုင်ဖို့ပါ။ အဲဒီအခြေအနေကို ရောက်ရှိဖို့အတွက် SIYB အစီအစဉ်ရဲ့ အဓိကကျောရိုးအဖြစ် ရပ်တည်ပြီး သင်တန်းဆရာ ဆရာမသစ်တွေကို လေ့ကျင့်မွေးထုတ်ပေးကာ တောင့်တင်းခိုင်မာတဲ့ ကွန်ရက်တစ်ခု ဖြစ်လာအောင် ပံ့ပိုးကူညီနိုင်မယ့် Master Trainer တွေလိုအပ်ပါတယ်။ ဒီတာဝန်တွေကိုယူဖို့ စိတ်အားထက်သန်နေတဲ့ Master Trainer တွေကို မြင်ရတော့ ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ILO စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းနှင့် အကြီးတန်းနည်းပညာ အကြံပေး မိုက်ကယ်ဂျမားက ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ILO က အသေးစားနှင့် အလတ်စားလုပ်ငန်း လုပ်ကိုင်သူများအား စီးပွားရေးသင်တန်းပေးရန် အရည်အချင်းပြည့်ဝသော အခြားသင်တန်းဆရာ ဆရာမ ၆၀ ကိုလည်း အသိအမှတ်ပြုအောင်လက်မှတ်များပေးအပ်ခဲ့သည်။ သင်တန်းအားလုံးသည် SIYB ၏ သင်ရိုးညွှန်းတမ်းအတိုင်းလေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းသင်ရိုးညွှန်းတမ်းသည် ကမ္ဘာတစ်ဝန်း၌ ILO က သင်တန်းဆရာ ဆရာမ ၁၇၀၀၀ ကျော် လေ့ကျင့်မွေးထုတ်ပေးထားပြီး အောင်မြင်မှုများရရှိနေသည့် နိုင်ငံတကာ စီးပွားရေးစီမံခန့်ခွဲမှု သင်ကြားရေးစနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းကို Norwegian Agency for Development Cooperation (NORAD) နှင့် Swiss State Secretarial for Economic Affairs (SECO) တို့၏ ကူညီထောက်ပံ့မှုဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် အလယ်တွင် စီမံကိန်းပြီးစီးမည်ဖြစ်ရာ စီမံကိန်းကာလအတွင်း စီးပွားရေးစတင်လုပ်ကိုင်မည့်သူ ၁၅၀၀ နှင့် အလုပ်အကိုင်အခွင့်အလမ်း ၃၈၀၀ နေရာဖန်တီးပေးနိုင်ရန် မျှော်လင့်ထားကြောင်းသိရသည်။ စီမံကိန်းကာလအတွင်း စီးပွားရေးစတင်လုပ်ကိုင်သူများနှင့်အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန် ကူညီထောက်ပံ့ပေးနိုင်မည့် နယ်ပယ်အသီးသီးမှ သင်တန်းဆရာ ဆရာမများနှင့် စီးပွားရေး ဖွံ့ဖြိုးရေးဝန်ဆောင်မှု ပေးအပ်နိုင်မည့်အဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် မျှော်မှန်းထားသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# စက်သုံးဆီရောင်းချမှုနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက်မှုများ တိုက်ရိုက်တိုင်ကြားနိုင်

**နေပြည်တော် မေ ၆**

စက်သုံးဆီဈေးနှုန်းထိန်းသိမ်းရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) အစည်းအဝေးခန်းမ၌ မေ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့် တာဝန်ရှိသူများ၊ စက်သုံးဆီဈေးနှုန်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ စက်သုံးဆီတင်သွင်း သိုလှောင်ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူးက စက်သုံးဆီဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် စက်သုံးဆီဈေးနှုန်းကို အမှန်တကယ်ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းအရှင်ဖြင့်သာ ဖြန့်ဖြူးရောင်းချသွားရန်လိုကြောင်း၊ စက်သုံးဆီရောင်းချခြင်းနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက်မှုများကို ပြည်သူလူထုက တိုက်ရိုက်တိုင်ကြားနိုင်ပြီး တာဝန်ရှိသူများမှ စစ်ဆေးတွေ့ရှိလျှင်လည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်သူလူထုလိုအပ်သည့် စက်သုံးဆီများကို ဈေးနှုန်းမှန်၊ ပစ္စည်းမှန်၊ အခြင်အတွယ်မှန်စွာဖြင့် လွယ်ကူစွာ ဝယ်ယူသုံးစွဲသွားနိုင်ရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ပြည်တွင်းစက်သုံးဆီဈေးကွက်၏ လက်ရှိအခြေအနေနှင့် နောင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ စက်သုံးဆီဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းရှင်များ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) အနေဖြင့် တစ်နိုင်ငံလုံးရှိ စက်သုံးဆီဝယ်ယူသုံးစွဲသူပြည်သူများ ထိုက်သင့်သောဈေးနှုန်းဖြင့် သက်သာစွာဝယ်ယူသုံးစွဲနိုင်ရေးနှင့် တင်သွင်းဖြန့်ဖြူးရောင်းချသူများ အခက်အခဲမရှိစေသည့် ဈေးနှုန်းများကို ညှိနှိုင်းအဆိုပြုသတ်မှတ်ရောင်းချစေရေးအတွက် စက်သုံးဆီလုပ်ငန်းလုပ်ကိုင်ဆောင် ရွက်သူများထံမှ အဆိုပြုချက်၊ အကြံပြုချက်များ ကျယ်ကျယ်ပြန့်ပြန့်တောင်းခံထားပြီး ညှိနှိုင်းဆွေးနွေး သတ်မှတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသမီးများ အသေအပျောက်အများဆုံး ရင်သားကင်ဆာဂရုပြုအစီအစဉ် ကျင်းပမည်

**နေပြည်တော် မေ ၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက် Globocam 2012 အရ ကမ္ဘာတစ်ဝန်းလုံး၌ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါသည် အများဆုံးနှင့် အသေအပျောက်အများဆုံး ကင်ဆာရောဂါဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါအဆင့်နောက်ဆုံးမှသာ ဆေးကုသမှုခံယူရသဖြင့် အသေအပျောက် ပိုမိုများပြားလျက်ရှိသည်။ အမျိုးသမီးထုအတွင်း ရင်သားကင်ဆာရောဂါအကြောင်း ဗဟုသုတပိုမိုရရှိစေရန် ပညာပေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းက "ရင်သားဂရုပြု" အစီအစဉ်ကို မေ ១၅ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ရင်သားကင်ဆာရောဂါ သိကောင်းစရာများကို သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများဖြစ်သော ပါမောက္ခ ဒေါက်တာဒေါ်မာလာသန်း၊ ပါမောက္ခဒေါက်တာဒေါ်ရင်ရင်ထွန်းနှင့် ဒေါက်တာဒေါ်မေကြည်တို့က ဆွေးနွေးဟောပြောခြင်း၊ သူနာပြုဆရာမကြီးများ၊ တက်ရောက်လာသူများ၊ ရင်သားကင်ဆာ ကုသအောင်မြင်ထားသူများနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ ရင်သားစမ်းသပ်မှု ဗီဒီယိုပြသခြင်း၊ မိမိရင်သားမိမိကိုယ်တိုင်စမ်းသပ်ခြင်းကို ရင်သားအတုဖြင့် သင်ပြခြင်း၊ အဖွဲ့ဝင်ယ်များက ကိုယ်တိုင် ဦးဆောင်ပါဝင်ပြီး ဆင့်ပွားပညာပေးအစီအစဉ်များ ရှေ့ဆက်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း ဖုန်း - ၀၉- ၇၃၁၅၄၉၇၄၊ အီးမေးလ် htun-rose @gmail .com သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

၆-၅-၂၀၁၆

| | | |
|---|---|---|
| ကျောက်မဲမြို့ | ၀ ဒသမ ၆၃ | လက်မ |
| လားရှိုးမြို့ | ၀ ဒသမ ၄၄ | လက်မ |
| မိုးကုတ်မြို့ | ၀ ဒသမ ၃၅ | လက်မ |
| မော်လိုက်မြို့ | ၀ ဒသမ ၂၀ | လက်မ |
| ကလေးဝမြို့ | ၀ ဒသမ ၂၀ | လက်မ |

(မိုး/ဇလ)

# ပြောင်းလဲကြသည်ဆိုရာဝယ်

**တိုက်မောင်း**

အပြောင်းအလဲကို လူတိုင်းနှစ်သက်ကြပါတယ်။

ရာသီဥတုတွေလည်း အမြဲတမ်းပြောင်းလဲနေသလို နေ့တိုင်း ပဲပြုတ်စားနေရရင် ငြီးငွေ့လာပြီး ကြက်ဥကြော်လေးဖြစ်ဖြစ် ပြောင်းစားချင်တာက လူ့သဘာဝမို့ အပြစ်မဆိုသာပါဘူး။ အင်္ကျီအဟောင်းဝတ်နေရာက အသစ်ပြောင်းလိုက်တဲ့အခါ စိတ်ထဲမှာမရိုးမရွနဲ့ နေသားမကျဖြစ်ပေမယ့် မိမိကိုယ်ကိုယ် ယုံကြည်မှုတော့ တစ်စတစ်စ ရှိလာတတ်ကြပါတယ်။ အချို့တိရစ္ဆာန်တွေလည်း ကာလရာသီလိုက်ပြီး အရောင်ပြောင်းလဲကြတာကို ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မြင်တွေ့နေကြရပါတယ်။ မည်သို့ပင်ဆိုစေကာမူ အပြောင်းအလဲရဲ့အရသာကိုတော့ ထိထိမိမိ ခံစားကြည့်ချင်ကြတာ လူ့ဓမ္မတာပဲ မဟုတ်ပါလား။

ဒီမိုကရေစီ အစိုးရတစ်ရပ်ဟာ မိမိတို့ တာဝန်မယူခင်ကာလမှာ ဘယ်လိုကတိကဝတ်တွေပေးခဲ့ပြီး တာဝန်ပြီးဆုံးခါနီးမှာ ဘယ်အရာတွေတော့ ဘယ်လောက်ပြီးတယ်၊ ဘယ်အရာတွေတော့ ထိထိရောက်ရောက် မကိုင်တွယ်နိုင်ခဲ့ဘူးဆိုတာ ပြန်လည်သုံးသပ်ပြီး ပြည်သူကိုချပြမယ်ဆိုရင် ကောင်းမွန်တဲ့အစိုးရတစ်ရပ်လို့ ဆိုရပါမယ်။

ဒီနေရာမှာ ကောင်းမွန်တဲ့အုပ်ချုပ်မှု၊ သန့်ရှင်းတဲ့ အစိုးရတစ်ရပ်ဖြစ်ဖို့ဆိုတာ အစိုးရအဖွဲ့မှာချည်း တာဝန်ရှိတာမဟုတ်ဘူးနော်။ လူအတော်များများက အစိုးရနဲ့ ဝန်ထမ်းကို ရောထွေးနေကြတာ တွေ့ရတယ်။ အစိုးရအဖွဲ့ဟာ ငါးနှစ်တစ်ကြိမ် ပြည်သူကရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကနေစတင်ပြီး ပေါက်ဖွားလာတာပါ။ **ဝန်ထမ်းအတည်ပြုခန့်ထားခြင်းဆိုတာကတော့ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ ဖွဲ့စည်းပုံအတွင်းမည်သည့်ဝန်ထမ်းမျှ ရာထူးအနွယ်ပိုင်ဆိုင်ခြင်းမရှိသည့် လစ်လပ်တဲ့နေရာမှာ အတည်ပြုခန့်ထားခြင်းကိုဆိုသည်** လို့ **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်(၃)၊အပိုဒ်ခွဲ (ဂ)**မှာ ပြထားပါတယ်။

ဒီလိုပြောလိုက်လို့ ဝန်ထမ်းနဲ့အစိုးရဟာ သတ်သတ်စီပဲလို့ အဓိပ္ပာယ်အကောက်အယူမလွဲစေချင်ဘူး။ ဥပမာပြောရရင်- အစိုးရဟာ **မီးရထားစက်ခေါင်း**ဆိုရင် ဝန်ထမ်းအဖွဲ့အစည်းဟာ ရထားတွဲတွေနဲ့တူပါတယ်။ ဆိုလိုချင်တာက စက်ခေါင်းချည်းပဲ သတ်သတ်ခုတ်မောင်းနေလို့ အကျိုးမရှိပါဘူး။ တစ်နွယ်ငင်တစ်စင်ပါဆိုသလို စက်ခေါင်းဟာ ရထားတွဲတွေကိုချိတ်ဆက်ပြီး လိုရာခရီးပန်းတိုင်ကို အောင်အောင်မြင်မြင် သွားကြရမှာပါ။

ဒီကနေ့ခေတ် ဝန်ထမ်းများဟာ အစိုးရရဲ့ဝန်ထမ်းများ မဟုတ်တော့ပါဘူး။ ပြည်သူ့ဝန်ထမ်းများဖြစ်နေပါပြီ။ ပြည်သူကိုဝန်ဆောင်မှု (Services) ပေးကြရတော့မှာပါ။ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေကို ပြည်သူတွေစိတ်ကျေနပ်မှုရအောင် ထမ်းရွက်ကြရတော့မှာဖြစ်ပါတယ်။ ပုဒ်မ-၄ ပေးမှ လုပ်မယ်ဆိုတဲ့ အတွေးအခေါ်ရှိသူတွေ၊ လာဘ်လာဘမျှော်ကိုးပြီး ကျစ်လိုရစ်လိုစိတ်ရှိသူတွေ၊ အခွင့်အရေးမရရင် ရတဲ့ဌာနကို ပြောင်းရွှေ့လိုသူတွေ စိတ်ဓာတ်တွေ ပြုပြင်ကြရတော့မှာပါ။

**အစိုးရအဖွဲ့ခေါင်းဆောင်တွေကသာ “ဒီမိုကရေစီစနစ်နဲ့အညီ မူဝါဒများချမှတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူကို အလုပ်အကျွေးပြုကြရမယ်” ဆိုပြီး ဘယ်လောက်ပဲကြွေးကြော်သံတွေနဲ့ လုပ်ကိုင်နေပေမယ့် ဗျူရိုကရေစီယန္တရားကို မောင်းနှင်နေကြတဲ့ ဝန်ထမ်းတွေက နောက်မှ ထက်ကြပ်မကွာ လိုက်ပါမလာကြဘူးဆိုရင် ကောင်းမွန်တဲ့အပြောင်းအလဲကို မျှော်လင့်အားကိုးတကြီးနဲ့ စောင့်မျှော်နေကြတဲ့ ပြည်သူတွေဟာ ဒုံရင်းဒုံရင်းပဲခံစားနေကြရမှာ**

ဒီလိုမှမဟုတ်ဘဲ အစိုးရအဖွဲ့ခေါင်းဆောင်တွေကသာ **“ဒီမိုကရေစီစနစ်နဲ့အညီ မူဝါဒများချမှတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူကို အလုပ်အကျွေးပြုကြရမယ်”**ဆိုပြီး ဘယ်လောက်ပဲကြွေးကြော်သံတွေနဲ့ လုပ်ကိုင်နေပေမယ့် ဗျူရိုကရေစီယန္တရားကို မောင်းနှင်နေကြတဲ့ ဝန်ထမ်းတွေက နောက်မှထက်ကြပ်မကွာလိုက်ပါမလာကြဘူးဆိုရင် ကောင်းမွန်တဲ့အပြောင်းအလဲကို မျှော်လင့်အားကိုးတကြီးနဲ့ စောင့်မျှော်နေကြတဲ့ ပြည်သူတွေဟာ ဒုံရင်းဒုံရင်းပဲ ခံစားနေကြရမှာပါ။

ဒါ့ကြောင့် ဒီနေ့ပြည်သူတွေ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရရထားခေါင်းတွဲကြီးဟာ အင်ဂျင်အသစ်၊ စက်ဆီချောဆီအသစ်တွေနဲ့ ပြည်သူတွေလိုလားပြီး မျှော်လင့်နေတဲ့ **“ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်”**ဆိုတဲ့ ဘူတာကြီးဆီကို ရက် ၁၀၀ စီမံချက်ကုန်တွေ တင်ဆောင်ပြီး စတင်မောင်းနှင်နေပါပြီ။

ရထားတွဲတွေနဲ့တူတဲ့ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးက ပြည်သူ့ဝန်ထမ်းတွေဟာလည်း ဗျူရိုကရေစီယန္တရားကြီးကို မောင်းနှင်ရာမှာ တွဲဟောင်းတွေနဲ့တူတဲ့ အတွေးအခေါ်ဟောင်းတွေကို ချန်ထားရစ်ပြီး တွဲသစ်တွေနဲ့တူတဲ့ ပြည်သူကို မိဘသဖွယ်ချစ်တဲ့ စိတ်ဓာတ်တွေမွေးမြူပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို အစိုးရအဖွဲ့စက်ခေါင်းကြီးနဲ့အတူ လိုက်ပါဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တာဝန်ကိုကျေပွန်ရုံမကဘဲ စေတနာပါပါနဲ့ လုပ်ကိုင်လိုက်မယ်ဆိုရင် အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားဖြစ်ပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါတယ်။ ။

---

✻ *ကျောက်ဖြူမှ*

သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ကို မြန်မာ-ဂျပန် ပုဂ္ဂလိကနှင့် အစိုးရအဖွဲ့အစည်းတို့ ပူးပေါင်းဖွဲ့စည်းထားသည့် Myanmar Japan Thilawa Development Limited က ရင်းနှီးတည်ဆောက်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံဘက်မှ ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ၁၀ ရာခိုင်နှုန်းနှင့် ဆူမီတိုမိုကုမ္ပဏီ၊ မီဆူဘီရှီကုမ္ပဏီနှင့် မာရူဘီနီကုမ္ပဏီ သုံးခုပူးပေါင်းဦးဆောင်သော MMS Thilawa Development Co.Ltd က ၃၉ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။ မြန်မာဘက်တွင် မြန်မာအစိုးရက ၁၀ ရာခိုင်နှုန်းနှင့် မြန်မာအများပိုင် ကုမ္ပဏီ (MTSH) က ၄၁ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။

မြန်မာအများပိုင်ကုမ္ပဏီက ပိုင်ဆိုင်သည့် ရှယ်ယာစုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းအား အများပြည်သူထံသို့ ရောင်းချခဲ့ပြီး ကျန်ရှိသည့် ၄၅ ရာခိုင်နှုန်းကို အများပိုင်ကုမ္ပဏီ၌ ပါဝင်သည့် ကုမ္ပဏီကိုးခုက ၅ ရာခိုင်နှုန်းစီ ပိုင်ဆိုင်ထားသည်။

သီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ၏ မူလအစုရှယ်ယာရှင် ကုမ္ပဏီ ကိုးခုမှာ Golden Land East Asia Development Ltd.၊ Myanmar Sugar Development Co.,Ltd၊ Myanmar Edible Oil Industrial Public Corporation၊ First Myanmar Investment Co., Ltd၊ Myanmar Agricultural & General Development Public Ltd၊ National Development Company Group Limited၊ New City Development Public Co.,Ltd၊ Myanmar Technologies and Investment Corporation Ltd နှင့် Myanmar Agribusiness Public Corporation Ltd တို့ဖြစ်သည်။

ရန်ကုန် စတော့အိတ်ချိန်းကို ဂျပန်ဒိုင်ဝါကုမ္ပဏီနှင့် မြန်မာအစိုးရတို့ ပူးပေါင်းပြီး မြန်မာဘက်မှ ၅၁ ရာခိုင်နှုန်း ဂျပန်နိုင်ငံမှ ၄၉ရာခိုင်နှုန်းတို့ ထည့်ဝင်၍ စုစုပေါင်း ၃၁ ဘီလီယံဖြင့် စတင်ရင်းနှီးမြှုပ်နှံကာ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်း၌ FMI၊ MAPCO အများပိုင်ကုမ္ပဏီ၊ ပထမပုဂ္ဂလိက အများပိုင်ကုမ္ပဏီ၊ မြန်မာနိုင်ငံသားများဘဏ် အများပိုင်ကုမ္ပဏီ၊ Great Hor Kham အများပိုင်ကုမ္ပဏီ နှင့် သီလဝါ အများပိုင်ကုမ္ပဏီတို့က ရှယ်ယာရောင်းချခွင့် ရရှိထားသည်။

---

## ရေတာရှည်မြို့နယ် နွေစပါးစိုက်တောင်သူများအား စက်မှုလယ်ယာဦးစီးဌာနက ကူညီဆောင်ရွက်

**ရေတာရှည် မေ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ဆွာချောင်းဆည်ရေသောက် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းလျက်ရှိပြီး မိုးမကျခင်အချိန်မီ လုပ်ငန်းပြီးစီးရန် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက သက်သာသောနှုန်းထားဖြင့် တောင်သူများ၏ စပါးစိုက်ခင်းများကို ရိတ်သိမ်းပေးလျက်ရှိကြောင်း သိရသည်။ “စပါးရိတ်ခြွေစက်တွေက အများကြီးပဲ၊ တစ်ဧကကို လေးသောင်းခွဲ၊ လေးသောင်းကျတယ်။ အခု ကျွန်တော့်လယ်ကို စက်မှုလယ်ယာဦးစီးဌာနက စက်နဲ့ရိတ်တာ တစ်ဧကကို ငွေကျပ် သုံးသောင်းခွဲပဲကျတော့ အများကြီးသက်သာသွားတယ်” ဟု သပြေတန်းကျေးရွာအုပ်စု ဝါးတောကြီးကျေးရွာနေ တောင်သူ ဦးခင်မောင်မြင့်က ပြောကြားသည်။ တောင်သူများ၏ ရာသီအလိုက် ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်မှုလယ်ယာမှ ထွန်စက်များဖြင့် အကုန်အကျသက်သာစွာ ဆောင်ရွက်ပေးမည်ဖြစ်ကာ (၆)ဗန်ထယ်၊ ရိုတာဗေတာများဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၃၀၀၀ သာ ကျသင့်မည်ဖြစ်ကြောင်း မြို့နယ် စက်မှုလယ်ယာဦးစီးမှူး ဦးဝင်းမွန်က ပြောကြားသည်။

**ကိုလွင်(ဆွာ)**



---

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်းရှိရမည်

**နေပြည်တော် မေ ၆**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ပညာအရည်အချင်းကို မူလဥပဒေပြဋ္ဌာန်းချက်၌ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ရမည်ဟု သတ်မှတ်ချက်ကို ယခုပြင်ဆင်သည့် ဥပဒေကြမ်း၌ အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူ ဖြစ်ရမည်ဟု ပြောင်းလဲပြင်ဆင် သတ်မှတ်ရန်ရှိသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး **(အပေါ်ယာပုံ)**က **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်း ရာမှ သိရသည်။



အဆိုပါဥပဒေကြမ်း၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပပါက မူလပြဋ္ဌာန်းချက်၌ သက်ဆိုင်ရာ တာဝန်ရှိသူထံမှ ခွင့်ပြုမိန့်ရယူရမည်ဖြစ်သော်လည်း ယခုပြင်ဆင်သည့်ဥပဒေကြမ်း၌ အသိပေးတင်ပြ၍ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ကျင်းပခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် ဧည့်စာရင်းကိစ္စနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦးက “နိုင်ငံသားမှတ်ပုံတင်နံပါတ်ကို ကိုင်ဆောင်ထားတယ်ဆိုရင် ဘာပဲပြောပြော ကိုယ့်နိုင်ငံအတွင်းမှာ လွတ်လွတ်လပ်လပ် သွားခွင့်ရှိရပါမယ်။ ပြည်ပနိုင်ငံတွေသွားရင် ပတ်စ်ပို့စာအုပ်ကိုင်ထားရင် အဲ့ဒီနိုင်ငံအတွင်းမှာ လွတ်လွတ်လပ်လပ် သွားခွင့်ရှိပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ဧည့်စာရင်းတိုင်ရတဲ့ကိစ္စတွေမှာ အုပ်ချုပ်ရေးမှူးတွေအတွက် လက်နက်တစ်ခုလို ဖြစ်မှာလည်း စိုးရိမ်ပါတယ်။ ဒါဟာ ဒီမိုကရေစီ စံချိန်စံညွှန်းတွေနဲ့လည်း မကိုက်ညီပါဘူး။ လူတစ်ယောက်ရဲ့ သွားလာတဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို နည်းနည်းထိခိုက်တဲ့ အနေအထားမျိုး ရှိပါတယ်။ ဒါတွေကို အခု ဥပဒေကြမ်းမှာ သုံးသပ်ချက်တင်ထားပါတယ်”ဟု ပြောကြားသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁)အဖြစ် စတင်ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၂ ခုနှစ် မတ် ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၇)ဖြင့် ပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၃)ဖြင့် ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း ထုတ်ပြန်ခဲ့သည်။ ယခုအကြိမ်သည် တတိယအကြိမ်မြောက် ပြင်ဆင်မည့် ဥပဒေဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုပြီး ဥပဒေများမှ သိရသည်။

**သူရဇော်**

---

## ဓနုဖြူမြို့နယ် ယကွင်းဆက်ကျေးရွာ၌ ချေးငွေများ ပြန်လည်ထုတ်ချေး

**ဓနုဖြူ မေ ၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဓနုဖြူမြို့နယ် ယကွင်းဆက်ကျေးရွာမှ ကျေးရွာမြစိမ်းရောင်အသင်းဝင်များအား ကျေးရွာကော်မတီဝင်များမှတစ်ဆင့် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအမျိုးအစားလေးမျိုးအလိုက် ငွေကျပ် ၃၈၁၀၀၀၀၀ ကို ဧပြီလ ပထမပတ်တွင် တစ်ဦးချင်းစီသို့ ချေးငွေများပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဘိုးဘွားစဉ်ဆက်လုပ်ကိုင်ခဲ့သော လယ်ယာမြေများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၆**

**၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားပြဿနာများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ၎င်းဥပဒေနှင့်အညီ ထိရောက်စွာ စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့တွင် တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မေ ၁၁ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

အဆိုတင်သွင်းရာတွင် ဒေါ်ခင်စောဝေက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေသည် လက်ရှိအာဏာ သက်ဝင်တည်ရှိနေသည့် ခိုင်မာသော ဥပဒေတစ်ရပ်ဖြစ်ကြောင်း၊ ၎င်းဥပဒေအခန်း(၂) နိုင်ငံသားဖြစ်ခြင်းအပိုဒ်(၃)တွင် "နိုင်ငံတော်တွင် ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ် ခရစ်နှစ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံသားအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်ဟုလည်းကောင်း၊ အပိုဒ်(၅)တွင် တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်ဟုလည်းကောင်း၊ အပိုဒ် (၆)တွင် ၎င်းဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံသားဖြစ်မှုကို ရှင်းလင်းစွာ ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါကြောင်း။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်လာရောက်အခြေချနေထိုင်သည့် မည်သူကိုမဆို တားမြစ်ကာကွယ်နိုင်ပြီး နိုင်ငံသားဖြစ်ထိုက်သူများကိုလည်း ဥပဒေနှင့်အညီ ခွင့်ပြုထားရှိသဖြင့် ၎င်းဥပဒေဖြင့် စစ်ဆေးပါက အတု၊ အစစ်၊ အရောအနှော ခွဲခြမ်းစိတ်ဖြာနိုင်မည် ဖြစ်ပါကြောင်း။

ယခုလက်ရှိ အခြေအနေတွင် မြန်မာနိုင်ငံ၏နိုင်ငံသား ဟုတ်/မဟုတ် မခွဲခြားနိုင်သဖြင့် ယာယီသက်သေခံလက်မှတ် (အဖြူကတ်) ထုတ်ပေးသောဦးရေမှာ ရခိုင်ပြည်နယ်အတွင်း ၄၉၂၆၃၄ ဦးရှိကြောင်း၊ ထို့ပြင် မည်သည့် လက်မှတ်အမျိုးအစားကိုမျှ ကိုင်ဆောင်ထားခြင်းမရှိသောသူများလည်း များစွာရှိနေနိုင်ကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတ၏ အမိန့်စာအမှတ် (၁၉/၂၀၁၅)ဖြင့် ယာယီသက်သေခံလက်မှတ်(အဖြူကတ်)များ၏ သက်တမ်းကို မတ် ၃၀ ရက် နောက်ဆုံးသတ်မှတ်ပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် အထောက်အထား တစ်စုံတစ်ရာမရှိသည့်သူများအား နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသားစသည်ဖြင့် တစ်မျိုးမျိုးသတ်မှတ်နိုင်ရန်အတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဖြင့် ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရန် အထူးလိုအပ်လျက်ရှိပါကြောင်း လွှတ်တော်သို့တင်ပြခဲ့သည်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေတွင် နိုင်ငံသားဖြစ်ထိုက်သူကို နိုင်ငံသားအဖြစ်လည်းကောင်း၊ ဧည့်နိုင်ငံသားဖြစ်ထိုက်သူများကို ဧည့်နိုင်ငံသားအဖြစ် လည်းကောင်း၊ နိုင်ငံသားပြုခွင့်ရနိုင်သူကို ပြုနိုင်ငံသားအဖြစ်လည်းကောင်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မျှတသောရပိုင်ခွင့်၊ အခွင့်အရေးများကို ပေးထားကြောင်း၊ ယင်းဥပဒေပုဒ်မ(၁၈)တွင် မရိုးသားသောနည်းဖြင့် နိုင်ငံသားအဖြစ်ကို ရယူပါက ထောင်ဒဏ် ဆယ်နှစ်နှင့် ငွေဒဏ်ငါး သောင်းကို ကျခံစေရန်နှင့် ပုဒ်မ(၁၉)တွင် မရိုးသားသောနည်းဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားလက်မှတ်ကို ရယူရန် အားပေးလျှင် ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ်တစ်သောင်းကျပ်ကို ကျခံစေရမည်ဟု ဖော်ပြပါရှိသည်။



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၃)ရက် မြောက်နေ့ ကျင်းပစဉ်

ယနေ့အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက **ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၏ ပင်လည်ဘူးမြို့နယ်တွင် ဘိုးဘွားစဉ်ဆက် လုပ်ကိုင်ခဲ့သော လယ်ယာမြေများအား ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးကိစ္စ**နှင့်စပ်လျဉ်း၍ အဆိုပါမြေများသည် သစ်တောရေိယာအတွင်း ပါဝင်နေကြောင်း သိရှိရသဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောမြေအဖြစ်မှ ဦးစွာပယ်ဖျက်ရမည်ဖြစ်ပါကြောင်း၊ ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ပေးပြီးဖြစ်ပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၏ **စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ လက်ပန်ဆည်ကို ၂၀၀၄ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအခြေအနေတွင် ဆည်ရေသောက်ဧရိယာ၏ သုံးပုံတစ်ပုံမျှပင် ဆည်ရေမရရှိဘဲ ဆည်ရေပို့လွှတ်ရန် တူးဖော်ထားသော မြောင်းများကြောင့် တောင်သူများ၏ မြေယာများနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးရခြင်း၊ နိုင်ငံအတွင်း ယင်းကဲ့သို့ အဖြစ်အပျက်များ များစွာရှိနေခြင်းကို ကြားသိရသဖြင့် ယင်းကဲ့သို့ နစ်နာမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သည့်အချိန်တွင် ဖြေရှင်းဆောင်ရွက်မည်၊ အကယ်၍ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါက အဘယ်ကြောင့်နည်း၊ နိုင်ငံအတွင်း အလားတူဖြစ်ရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်မည်ဆိုသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ပန်ရေလှောင်တမံ၏ မူလဆည်ရေသောက်ဧရိယာမှာ ၂၅၀၀ ဧကဖြစ်ပြီး စိစစ်ပြီး ဆည်ရေသောက်ဧရိယာမှာ ၁၇၄၁ ဧကဖြစ်ပါကြောင်း၊ နှစ်အလိုက်ရေဝင်ရောက်မှု လျော့နည်းခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်မှု လျော့ကျခြင်းတို့ကြောင့် ပြည့်ဝစွာ ရေပေးဝေနိုင်ခြင်းမရှိသဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိသည့် အပိုင်းအတွက် ရန်ပုံငွေတောင်းခံ၍ ထိန်းသိမ်းပြုပြင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လက်ပန်ရေလှောင်တမံအား အသေးစိတ်စူးစမ်းလေ့လာပြီး ရရှိလာသော အချက်အလက်များအပေါ်မူတည်၍ လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများမရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဆည်များ ကဲ့သို့ အခြားဆည်များ၏ ဆည်ရေသောက်စနစ်များကိုလည်း ပြုပြင်ပေးသွားနိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်အခြေခံ၍ အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက **မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ မောက်မယ်မြို့နယ် နမ့်လွတ်ကျေးရွာအုပ်စု ကဒူးလေးကျေးရွာရှိ နမ့်ဟုတ်သစ်ရိုက် ကျောက်ဖြည့်ဆည်အား ကွန်ကရစ်ဆည်အဖြစ် အဆင့်မြှင့်တင်ပေးမည့်အစီအစဉ်နှင့် ကဒူးလေးကျေးရွာ ရေပေးမြောင်းလက်တံအား ကျောက်စီရေသွယ်မြောင်းဖြင့် ရေထိန်းတံခါး စနစ်တကျဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်ဟုတ်ကွန်ကရစ် ရေလွှဲဆည်အား အကျယ် ၆၀ ပေ၊ အမြင့် ၁၀ ပေ တည်ဆောက်ရမည်ဖြစ်ပြီး ရေထိန်းတံခါးတည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်း ပြုပြင်ခြင်းလုပ်ငန်းများအားလုံး ဆောင်ရွက်ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၃၀၀ ခန့်လိုအပ်မည်ဖြစ်ပါကြောင်း။

နမ့်ဟုတ်ကွန်ကရစ်ရေလွှဲဆည်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည့်ရန်ပုံငွေအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ၏ မူလ ရန်ပုံငွေစာရင်းတွင် တောင်းခံထားခြင်းမရှိသဖြင့် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် အခြေခံ၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာနက ပေးပို့သော **"ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများ"**နှင့် စပ်လျဉ်း၍ ပြင်ဆင်သည့် အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို မေ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် မေ ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဋ္ဌေး(ခ)ဒေါ်အုန်းကြည်က ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ထို့ပြင် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က **ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းရာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

**ရေချိုငါးလုပ်ငန်းဥပဒေ**ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၁/၉၁)ဖြင့် ၁၉၉၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ထိုဥပဒေကို ရုပ်သိမ်းရခြင်းဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီမှ သိရသည်။

ထို့ပြင် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

အဆိုပါ**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထား တာဝန်ပေးအပ်နိုင်ရန်၊ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားရာတွင် ပြည်သူ့ဆန္ဒသဘောထားနှင့်အညီ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် တင်သွင်းရခြင်းဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီမှ သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို မေ ၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်းသိရသည်။

**(သတင်းစဉ်)**

## နေ့အပူချိန်များ အနည်းငယ်တိုးနေမည်

**နေပြည်တော် မေ ၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိ ခန့်မှန်းချက်မှာ တိမ်အသင့်တင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

**(မိုး/ဇလ)**

◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်တို့နှင့် အတူ ယနေ့တွင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နေ့ချင်းပြန်ခရီး သွားရောက်စဉ် နှစ်နိုင်ငံဆွေးနွေးပွဲ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတက မြန်မာနှင့် လာအို နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လာကြသည့် နိုင်ငံများဖြစ်ကြောင်း၊ သို့ဖြစ်ရာ နှစ်နိုင်ငံအကြား အပြန်အလှန်အားပေးထောက်ခံမှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုသည် နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်ပါကြောင်း၊ ထို့အတွက် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစွာ ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ နယ်နိမိတ်အားဖြင့် မိုင်ပေါင်း ၁၄၀ ကျော် ထိစပ်နေပြီး မည်သည့်ပြဿနာမျှမရှိခဲ့တဲ့ တစ်ဦးနှင့်တစ်ဦး အလွန်ရင်းနှီးကြသည့် နိုင်ငံများဖြစ်ကြပါကြောင်းနှင့် ရှိရင်းစွဲ ရင်းနှီးချစ်ကြည်မှုကို ဆက်လက်တိုးပွားစေရန်အတွက် နှစ်နိုင်ငံပြည်သူများ လက်တွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆိုလစ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

လာအိုသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ကလည်း မိမိအနေဖြင့် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်အခါခါ ရောက်ရှိခဲ့ဖူးပါကြောင်း၊ မြန်မာနှင့် လာအိုတို့သည် အသွင်သဏ္ဌာန်အားဖြင့် ကွဲပြားခြားနားမှုမရှိဘဲ ညီရင်းအစ်ကိုမောင်ရင်းနှမများသဖွယ် ဆင်တူကြပါကြောင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားလိုပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတံတား တည်ဆောက်ပြီးနောက်ပိုင်း နှစ်နိုင်ငံအစိုးရချင်း၊ ပြည်သူချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သည့် ပူးတွဲကော်မရှင် အစည်းအဝေး၊ နယ်ခြားကော်မတီ အစည်းအဝေးများတွင်လည်း သက်ဆိုင်ရာနိုင်ငံများအလိုက် ဝန်ကြီးဌာနအဆင့် ဆွေးနွေးဆောင်ရွက်သွားရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆိုလစ်နှင့် တွေ့ဆုံ၍ မြန်မာနှင့် လာအိုသမ္မတနှစ်ဦးအကြား ဆွေးနွေးခဲ့ကြသည့် ကိစ္စရပ်ဆိုင်ရာများအပေါ် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့သည် Unknown Soldier Monument ၌ လွမ်းသူ့ပန်းခွေချအလေးပြုကြပြီး ဗီယင်ကျန်းမြို့ရှိ ထပ်လွမ်စေတီ (Thatluang) အား သွားရောက်ဖူးမြော် ကြည်ညိုကာ အမျိုးသားပြတိုက်နှင့် ဆီဆာကတ်ကျောင်းတော်ကို ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာပညာသင်များနှင့် ခေတ္တတည်းခိုသည့် Landmark Mekong Riverside ဟိုတယ်၌ တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်သည် နံနက် ၁၀ နာရီတွင် ဗီယင်ကျန်းမြို့ရှိ SONG MUE NANG Handicraft သို့ သွားရောက်လေ့လာပြီး မွန်းလွဲပိုင်းတွင် ဆီမန်းကျောင်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ထို့နောက် Ammalin Lao Silk Handicraft ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုအမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Somphanh PHENGKHAMMY နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးကိစ္စရပ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ ပြည်သူကို အကျိုးပြုရန်အတွက် ဖြစ်ပေါ်လာခဲ့သည့် ပြည်သူ့အကျိုးကို ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အကောင်းဆုံးဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ညနေပိုင်းတွင် လာအိုနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေ ၆ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

လာအိုနိုင်ငံသည် ၁၉၄၉ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ပြင်သစ်နိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်စာရင်းအရ ခန့်မှန်းလူဦးရေ ၇ သန်းခန့်ရှိပြီး ပျမ်းမျှတစ်ဦးချင်းဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၃၀၀ ခန့်ရှိသည်။ လာအိုနိုင်ငံ၏ အဓိကပို့ကုန်မှာ သစ်တောထွက်ပစ္စည်းများ၊ ကော်ဖီ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ အဝတ်အထည်၊ ရွှေ၊ ကြေးနီ၊ လျှပ်စစ်ဓာတ်အား၊ ပြောင်းဖူးနှင့် ရော်ဘာတို့ဖြစ်သည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုကို ၁၉၅၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် စတင်ထူထောင်ခဲ့သည်။ ရန်ကုန်မြို့၌ ၁၉၅၆ ခုနှစ်တွင် လာအိုသံရုံးကို စတင်ဖွင့်လှစ်ခဲ့သော်လည်း ဘဏ္ဍာရေးအခက်အခဲကြောင့် ၁၉၇၁ ခုနှစ်တွင် ခေတ္တပိတ်ခဲ့ကာ ၁၉၈၀ ပြည့်နှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မြန်မာသံရုံးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ၁၉၆၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

မြန်မာ-လာအို နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်ကို ၂၀၀၀ ပြည့်နှစ်တွင် ဗီယင်ကျန်းမြို့၌လည်းကောင်း ချုပ်ဆိုခဲ့သည်။ မြန်မာနိုင်ငံမှ ပို့ကုန်မှာ ကုလားပဲဖြစ်ပြီး သွင်းကုန်မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ ဖြစ်သည်။

◆ **မြန်မာနှင့် လာအို နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လာကြသည့် နိုင်ငံများဖြစ်**

◆ **ရှိရင်းစွဲ ရင်းနှီးချစ်ကြည်မှုကို ဆက်လက်တိုးပွားစေရန်အတွက် နှစ်နိုင်ငံပြည်သူများ လက်တွဲဆောင်ရွက်သွားရန် လိုအပ်**

၂၀၁၃-၂၀၁၄ ခုနှစ် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၀ ဒသမ ၄၀၁ ဖြစ်သည်။ လယ်ယာကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးအနေဖြင့် ၂၀၁၃-၂၀၁၄ စာရင်းအရ အမေရိကန်ဒေါ်လာ သန်းပေါင်း ၀ ဒသမ ၂၅၂ ရှိပြီး စက်မှုကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးမှာ သန်းပေါင်း ၀ ဒသမ ၀၀၈ ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် မြင်ကွင်းပုံရိပ်များ




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး Ammalin Lao Silk Handicraft အတွင်း ပြသထားသောပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ် (ဝဲပုံ)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး လာအိုနိုင်ငံ အမျိုးသားပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ် (ယာပုံ)





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး လာအိုနိုင်ငံ ဆီဆာကတ်ကျောင်းတော်အတွင်း ကြည့်ရှုလေ့လာကြစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Somphanh PHENGKHAMMY တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ လာအိုနိုင်ငံ Unknown Soldier Monument ၌ လွမ်းသူ့ပန်းခွေချအလေးပြုကြစဉ်

# အမေရိကန်မဲပေးသူများ ထရန့်ကိုထောက်ခံရသည့် အကြောင်းပြချက်များကို ထုတ်နုတ်



**နယူးယောက် မေ ၆**

အမေရိကန်သမ္မတရွေးကောက်ပွဲကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြသည့် နည်းတူ သမ္မတမည်သူ ဖြစ်လာမလဲဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ မဲဆန္ဒရှင်များအနေဖြင့် ဒီမိုကရက်တစ် ဟီလာရီကို ထောက်ခံသူ ထက်ဝက်နီးပါးမျှရှိပြီး ရီပတ်ဘလစ်ကန် ဒေါ်နယ်ထရန့်သမ္မတဖြစ်ရေးထောက်ခံသူအရေအတွက်မှာလည်း ယင်းအရေအတွက်အတိုင်းရှိကြောင်း စစ်တမ်းတစ်ရပ်ထုတ်ပြန်မှုကို ကြာသပတေးနေ့က ရိုက်တာသတင်းတွင်ဖော်ပြထား သည်။

အဆိုပါ ရလဒ်သည် အမေရိကန်နိုင်ငံတွင်း ပြည်သူများအကြား သဘောထားကွဲလွဲမှုများရှိနေသည်ဆိုသည်ကို ထင်ဟပ်လျက်ရှိသည်။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ နယူးယောက်သူဌေးကြီးနှင့် ယခင်အမေရိကန်သမ္မတ ဟောင်းကတော်တို့ နှစ်ဦးစလုံးအပေါ် နှစ်သက်သည့်အချက်၊ မနှစ်သက်သည့် အချက်များရှိနေပြီး ပါတီအချင်းချင်းကြား သဘောထား ကွဲလွဲမှုများ ဆိုးဆိုးရွားရွားဖြစ်ပေါ်နေကြောင်း ဗာဂျီးနီးယားတက္ကသိုလ် နိုင်ငံရေးလေ့လာရေးဌာနမှ ဒါရိုက်တာတစ်ဦးဖြစ်သူ လာရီဆာဘာတိုက ပြောသည်။

ဤသည်မှာ မကောင်းသော ပါတီစွဲတစ်ဖက်သတ်အမြင်များဟု ခေါ်ဆိုနိုင်ကြောင်း ၎င်းတို့အနေဖြင့် ယင်းအကျိုးသက်ရောက်မှုများ မြင့်မားလာအောင်ပြုနေကြမည်ဆိုလျှင် ဟီလာရီနှင့် ထရန့်တို့ထက် သာလွန်ကောင်းမွန်သော သမ္မတလောင်းများ ရရှိနိုင်မည်မဟုတ် ကြောင်း ၎င်းကပြောသည်။ထရန့်သည် လူပြိန်းကြိုက် ၎င်း၏ ပြောဆိုစည်းရုံးမှုများနှင့် ထောက်ခံသူများ၏ မဲအရေ အတွက်များရရှိပြီး လက်ရှိသမ္မတ အိုဘားမား၏ မူဝါဒများကို ဆက်လက်ကိုင်စွဲထားသော ဟီလာရီကလင်တန်ကလည်း ယှဉ်ပြိုင်ပွဲကိုအပြတ်အသတ် ဦးဆောင်နေသည်။ သို့သော်လည်း အိုဘားမားသက်တမ်းအတွင်း သိသိသာသာတိုးတက်ပြောင်းလဲမှုများမရှိခဲ့ခြင်းမှာလည်း အမှန်တရားပင်ဖြစ်သည်။

နိုဝင်ဘာ ၈ ရက် အထွေထွေရွေးကောက်ပွဲ ဦးဆောင်သူမှာ ထရန့်ဖြစ်မလား၊ ကလင်တန်ဖြစ်လာမလား ဆိုသည်ကို ပဏာမရွေးကောက်ပွဲ၏ မဲပေးသူများက ဆုံးဖြတ်ပေးမည်ဖြစ်သည်။ ၄၇ ရာခိုင်နှုန်းရှိသော ထရန့်ကိုထောက်ခံသူများသည် ကလင်တန်ကို အနိုင်မရရှိစေလိုသောကြောင့် မူလကတည်းက ထရန့်ကိုသာ မဲပေးခဲ့ကြောင်းပြောခဲ့ပြီး အခြား ၄၃ ရာခိုင်နှုန်းမှာ ၎င်း၏ နိုင်ငံရေးရပ်တည်ချက်များကို သဘောကျသောကြောင့် ဖြစ်ကြောင်းနှင့် ကျန်ရှိသော ၆ ရာခိုင်နှုန်းမှာ ၎င်းကို ပုဂ္ဂိုလ်ရေးအရ သဘောကျခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးဗျူရိုမှ ဟီလာရီကလင်တန်ကို တွေ့ဆုံမေးမြန်းရန်စီစဉ်

**ဝါရှင်တန် မေ ၆**

ဟီလာရီကလင်တန်ကို ၎င်းနိုင်ငံခြားရေးဝန်ကြီး တာဝန်ယူစဉ်က ကိုယ်ပိုင်အီးမေးလိပ်စာဖြင့် အသုံးပြုသောကွန်ပျူတာအကြောင်းနှင့် ပတ်သက်၍ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ဗျူရိုက တွေ့ဆုံမေးမြန်းမှုများကို လာမည့်သီတင်းပတ်တွင် ပြုလုပ်သွားဖွယ်ရာရှိသည်။

၎င်း၏လက်ထောက်များနှင့်လည်း တွေ့ဆုံမေးမြန်းသွားမည်ဟု ကြာသပတေးနေ့က စီအင်န်အင်န် သတင်းဌာနက ဖော်ပြချက်ကို ရိုက်တာသတင်းဌာနက ကိုးကားဖော်ပြသည်။

ဟီလာရီသည် နယူးယောက်ရှိ ၎င်း၏နေအိမ်တွင်ယင်းကွန်ပျူတာကို လက်ခံထားရှိပြီး နိုဝင်ဘာရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီကိုယ်စားပြုယှဉ်ပြိုင်ရာတွင် သြဇာအရှိန်အဝါဆက်လက်အသုံးပြုနေခြင်းမှာ ဥပဒေကို ချိုးဖောက်ခြင်းရှိ မရှိ ကိုးလအတွင်း စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်။

ပဏာမရွေးကောက်ပွဲအတွက် ဆန္ဒမဲများပေးရန် ပြည်နယ်အနည်းငယ်သာကျန်ရှိနေပြီး ၎င်းသည် ယှဉ်ပြိုင်ဘက်အထက်လွှတ်တော်အမတ် ဘာနီဆန်းဒါးကိုကျော်လွန်၍အသာစီးအနေအထားတွင်ရှိနေသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ထိပ်တန်းသံတမန်ရေးရာကိစ္စရပ်များပါဝင်သည့် သတင်းအချက်အလက်များကို ကိုင်တွယ်သည့် နိုင်ငံခြားရေးဝန်ကြီးတာဝန်ယူစဉ်က အီးမေးစာစောင်ပေါင်း ၂၀၀၀ ကျော် ပေးပို့လက်ခံခြင်းများရှိခဲ့သည်။ ယင်းအချက်အလက်များသည် အစိုးရထိန်းချုပ်ထားသည့် ချန်နယ်များအောက်တွင်ရှိပြီး လုံခြုံရေးအရ အပြင်သို့ ပေါက်ကြားမှုမရှိစေရန် တားမြစ်ထားသည့်အရာများဖြစ်သည်။ ဟီလာရီကမူ နိုင်ငံခြားရေးဝန်ကြီးတာဝန်မှ နုတ်ထွက်ပြီးကတည်းက မည်သည့်အချက်အလက်မျှ ပေးပို့လက်ခံခြင်းမရှိကြောင်း ပြောခဲ့သည်။ စုံစမ်းစစ်ဆေးရေးဗျူရိုအနေဖြင့် ၎င်းတွင် အပြစ်မရှိကြောင်း ဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဟီလာရီကပြောခဲ့သည်။

**(ရိုက်တာ)**

# မလေးရှားလေယာဉ်ပျက်ကျ၍ ဒုဝန်ကြီးတစ်ဦးသေဆုံး

**ကွာလာလမ်ပူ မေ ၆**

Eurocopter AS350 အမျိုးအစားလေယာဉ်သည် စိုက်ပျိုးရေး၊ စက်မှုနှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နိုရီယာကက်စ်နွန်နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ အက်ရှ်မူနီအဗ္ဗဒူလာတို့လိုက်ပါလာပြီး ဆာရာဝက် ကုန်းတွင်းပိုင်းမှ မြို့တော် ကူချင်းသို့ ပြန်လည်ထွက်ခွာလာစဉ် ကြာသပတေးနေ့က ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။ လေယာဉ်ပေါ်တွင် ပါလီမန်အမတ် ဝမ်မိုဟာမက် စီယာ အနူရာ ဝမ် အာမက်နှင့် အခြားအစိုးရအရာရှိနှစ်ဦး အပါအဝင် ဖိလစ်ပိုင်လေယာဉ်မှူးတစ်ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက မေ ၆ ရက်က မလေးရှား ဒုဝန်ကြီးတစ်ဦး၏ ရုပ်အလောင်းကို ဘော်နီယိုကျွန်းဆွယ်ပြည်နယ်လေးဖြစ်သော ဆာရာဝက်ပြည်နယ်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လေယာဉ်ပျက်ကျမှုတွင် ပထမဆုံးသေဆုံးခဲ့သည့် ဒုဝန်ကြီး၏ ရုပ်အလောင်းကို ဆာရာဝက်ရဲဌာနချုပ်မှ လက်ခံရရှိခဲ့ကြောင်း အသင်းအဖွဲ့ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး ရိုဟာနီအဗ္ဗဒူကာရင်က အတည်ပြုပြောကြားခဲ့သည်။

အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအသင်းများသည် သောကြာနေ့က ရဟတ်ယာဉ်၏ ဒလက်နှင့် အခြားအပျက်အစီးများကို တွေ့ရှိခဲ့ကြောင်း ပြောခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျသည့်ဖြစ်စဉ်သည် မလေးရှားနိုင်ငံတွင် တွေ့ရခဲသည့် ကိစ္စဖြစ်ကြောင်း သိရသည်။

**(အေအက်ဖ်ပီ)**

# အီတလီထောက်လှမ်းရေးသမားများထံသို့ ဖုန်းမှတ်တမ်းများ အီဂျစ်လွှဲပြောင်းပေးအပ်

**ကိုင်ရို မေ ၆**

ယခုနှစ်အစောပိုင်းက ကိုင်ရို၌ အသတ်ခံရသည့် ကျောင်းသား ဂူလီယိုရီဂျီနီနှင့် ပတ်သက်ပြီး အီတလီ စုံစမ်းစစ်ဆေးသူများတောင်းဆိုထားသော ဖုန်းမှတ်တမ်းများကို အီဂျစ်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း တရားဝင်သတင်းထုတ်ပြန်ချက်များအရ သိရသည်။

လူသတ်မှုနှင့်ပတ်သက်သော ဖုန်းမှတ်တမ်းအချက်အလက်များကို ရောမဘက်မှ ဖြေရှင်းပေးရန် လိုအပ်ကြောင်းတောင်းဆိုချက်ကို ဖြည့်ဆည်း ပေးခြင်းမရှိသည့်အတွက် ပြီးခဲ့သောလက အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးကို အီတလီဘက်မှ အကြံဉာဏ်တောင်းခံရန် ပြန်လည်ခေါ်ယူခဲ့သည်။ဇန်နဝါရီ ၂၅ ရက်က မပျောက်ဆုံးခင်အသက် ၂၈ နှစ်အရွယ် ရီဂျီနီနှင့် အဆက်အသွယ်ရှိသော အီဂျစ်နိုင်ငံသား ၁၃ ဦး၏ ဖုန်းမှတ်တမ်းအချက်အလက်များကို ရောမဘက်မှ တောင်းခံခဲ့ကြောင်း၊ တောင်းဆိုထားသော အချက်အလက်အချို့ကို လက်ခံရရှိပြီဖြစ်ကြောင်း ထောက်လှမ်းရေးဘက်က တရားဝင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တနင်္ဂနွေနေ့တွင် အီဂျစ်ထောက်လှမ်းရေးအရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် အီတလီမှအရာရှိများ လာရောက်မည်ဖြစ်ကြောင်း သိရသည်။

ရီဂျီနီ၏ ရုပ်အလောင်းကို ၎င်းပျောက်ဆုံးသွားပြီးနောက် ကိုးရက်အကြာ လမ်းဘေး၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။၎င်းမှာ မသေဆုံးခင် ပြင်းပြင်းထန်ထန် နှိပ်စက်ခြင်းခံခဲ့ရဖွယ်ရှိကြောင်း ခွဲစိတ်စစ်ဆေးသည့် မှတ်တမ်းများက ဖော်ပြနေသည်။

၎င်း၏မိခင်ဖြစ်သူက သားဖြစ်သူ၏နှာခေါင်းကိုမှတ်မိခြင်းဖြစ်ကြောင်း ရိုက်တာသို့ပြောခဲ့သည်။

**(ရိုက်တာ)**



# တရုတ်နိုင်ငံ၌ စိုက်ခင်းများကို ဒရုန်းယာဉ်အသုံးပြု၍ ပိုးသတ်ဆေးဖျန်း

**ပေကျင်း မေ ၆**

တရုတ်နိုင်ငံမြောက်ပိုင်း ဟူပေပြည်နယ်အတွင်းရှိ ဂျုံစိုက်ခင်းများတွင် ဒရုန်းယာဉ်အသုံးပြု၍ မေ ၅ ရက်က ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။

အဆိုပါဒေသရှိ စပါးခင်း ၅၃၃၃ ဟက်တာအား ဒရုန်းယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခဲ့သည်။ အဆိုပါယာဉ်သည် ၂ မိနစ်လျှင် ၀ ဒသမ ၀၆၇ ဟက်တာကို ပက်ဖျန်းနိုင်သောကြောင့် ဆေးဖျန်းနိုင်မှုစွမ်းရည် ထိရောက်မှုရှိကြောင်း သိရသည်။

ဒရုန်းယာဉ်အသုံးပြု၍ ပိုးသတ်ဆေးဖျန်းခြင်းသည် သာမန် ပိုးသတ်ဆေးဖျန်းခြင်းထက် အသုံးပြုသည့် ရေ ၉၀ ရာခိုင်နှုန်းနှင့် ပိုးသတ်ဆေး ၄၀ ရာခိုင်နှုန်း လျော့နည်းစေကြောင်း သိရသည်။

အဆိုပါဒရုန်းယာဉ်တွင် ရေမှုန်ရေမွှားထွက်စေသည့်စနစ် စုပ်စက်တစ်လုံးနှင့် ပိုးသတ်ဆေးထည့်ရန် ပုံးတစ်လုံးပါဝင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကင်မရွန်း၏လေးစားမှုနှင့် ဒေါ်နယ်ထရန့်ထိုက်တန်ရဲ့လား

**တင်လင်းအောင်**




အမေရိကန် သမ္မတရွေးကောက်ပွဲတွင် အငြင်းပွားဖွယ်များနှင့် ပြည့်နေသော ရီပတ်ဘလစ်ကန်ဒေါ်နယ်ထရန့်သည် အလွန်တရာမှခက်ခဲသော ရီပတ်ဘလစ်ကန်ပါတီကိုယ်စားလှယ်အကြိုရွေးကောက်ပွဲမှတစ်ဆင့် အောင်မြင်မှုများရရှိအောင် ပြုလုပ်နိုင်ခဲ့သည့်အတွက် ဒေးဗစ်ကင်မရွန်းက လေးစားကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီက အင်ဒီယာနာမဲဆန္ဒနယ်တွင် ထိပ်တန်းပြိုင်ဘက် တက်ဒ်ခရုဇ်ကို ထောက်ခံမဲ အသာဖြင့်အနိုင်ရရှိခဲ့သည်။ သို့သော်လည်း အမျိုးသမီးများအပေါ် ၎င်း၏ ထင်မြင်ချက်နှင့် တရားမဝင် ဝင်ရောက်လာသူများကို တံတိုင်းကာရံထားရန် စိတ်ကူးသည့် ၎င်း၏လူဝင်မှုကြီးကြပ်ရေးထင်မြင်ချက်အပေါ် ဝေဖန်မှုအချို့ ဖြစ်ပေါ်နေကြောင်းသိရသည်။

အမေရိကန်နိုင်ငံတွင် အစ္စလာမ်ဘာသာဝင်များကို တားဆီးရေး ဘီလျံနာ၏ အဆိုပြုချက်သည် သဘောထားကွဲလွဲမှုကို ဖြစ်ပေါ်စေနိုင်သဖြင့် ထရန့်အနေဖြင့် မျှော်လင့်မထားသော အခြေအနေများကို ရင်ဆိုင်ကြုံတွေ့နိုင်ပြီး ယင်းအခြေအနေများကို အကောင်းဆုံးဖြစ်အောင် ကြိုးစားမည့် ၎င်းကို လေးစားကြောင်း ပြောကြားထားသော ဝန်ကြီးချုပ်သည် ၎င်း၏ပြောကြားချက်များကို ပြန်လည်ရုပ်သိမ်းရန် ငြင်းဆိုလိုက်သည်။

အမှတ် (၁၀)ဒေါင်းနင်းလမ်းတွင် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ကင်မရွန်းက ခက်ခဲကြမ်းတမ်းသော အကြိုရွေးကောက်ပွဲကို ဖြတ်ကျော်လာနိုင်သည့် ထရန့်သည် လေးစားမှုများနှင့် ထိုက်တန်ကြောင်း ပြောခဲ့သည်။

အကြိုရွေးကောက်ပွဲ၏ ခက်ခဲကြမ်းတမ်းမှုများကို သိလျက်နှင့် ဆက်လက်ချီတက်ရန်အာသီသပြင်းပြနေသော ထရန့်သည် အထွေထွေရွေးကောက်ပွဲတွင် ၎င်းပါတီကို အကောင်းဆုံး ကိုယ်စားပြုမည့်သူပင်ဖြစ်ပြီး မည်သူမဆိုထိုကဲ့သို့ ပြုလုပ်ပါက မိမိတို့၏ လေးစားမှုနှင့်ထိုက်တန်ကြောင်း ၎င်းကပြောခဲ့သည်။

ကင်မရွန်း၏ ပြောရေးဆိုခွင့်ရှိသူက ဝန်ကြီးချုပ်သည် ထရန့်ကိုလေးစားကြောင်း နောက်ပိုင်းတွင် ပြောကြားခဲ့သည်။ ထိုလေးစားမှုသည် နိုင်ငံရေးသမားတစ်ဦးက တခြားနိုင်ငံရေးသမားတစ်ဦးကို လေးစားခြင်းဖြစ်သည်။ ပါတီထောက်ခံသူများအတွက် ပြည်နယ်အလိုက် ရွေးကောက်ပွဲများတွင် ထောက်ခံမဲ ရရှိရေးအတွက် အကြိတ်အနယ်ကြိုးစားနေသော အကြိုရွေးကောက်ပွဲကိုယ်စားလှယ်လောင်းသည် သမ္မတဖြစ်ရေးအတွက် မှန်ကန်စွာအောင်ပွဲခံနိုင်သည်အထိ စိတ်ရှည်သည်းခံ ရမည်ဖြစ်သည်။

တစ်ချိန်ကနိုင်ငံရေးနယ်ပယ်ကို စိတ်မဝင်စားခဲ့သူ ဘီလျံနာတစ်ဦးသည် ယခုအခါတွင် အကြိုရွေးကောက်ပွဲများ၌ ရေကုန်ရေခန်းကြိုးပမ်းအနိုင်ရရှိလာပြီး ရီပတ်ဘလစ်ကန်ပါတီ၏ တရားဝင်ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းဖြစ်လာသူ ဒေါ်နယ်ထရန့်နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို အမိအရ လက်လှမ်းမီနိုင်ရေး ကမ္ဘာ့မူဝါဒရေးဆွဲသူများက အလုအယက်ကြိုးစားနေကြသည်။ ကင်မရွန်းနှင့်အတူ ရှိနေသည့် အာဘေးအနေဖြင့်လည်း နောက်နှစ် ဂျီ - ၇ အစည်းအဝေးကို ထရန့်လာရောက်တက်နိုင်ဖွယ် ထင်မြင်ချက်ကို ဖော်ပြခဲ့သည်။

ဒေါ်နယ်ထရန့်၏ အကြံပေးပုဂ္ဂိုလ် ပါပါဒိုပေါ်လက်စ်က ဝန်ကြီးချုပ်အနေဖြင့် ထရန့်အပေါ် ဒီထက်ပိုကောင်းသော အပြုသဘောဆောင် ချီးမွမ်းမှုများကို ပိုမိုပြုလုပ်သင့်ကြောင်းပြောကြားခဲ့သည်။

ကင်မရွန်းသည် ထရန့်နှင့်တွေ့ဆုံရန် ဆန္ဒရှိကြောင်း၊ ဗြိတိန်နိုင်ငံသို့အလည်အပတ်လာရောက်ခဲ့သော တခြားသမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သော အမတ်များကဲ့သို့ တွေ့ဆုံဆွေးနွေးမှုပြုချင်ကြောင်း ဝန်ကြီးချုပ်နှင့်နီးစပ်သော ခိုင်မာသော သတင်းရင်းမြစ်ကပြောသည်။ ကင်မရွန်းသည် ရီပတ်ဘလစ်ကန် အမတ်လောင်း မတ်ရွှန်နေးနှင့် ၂၀၁၂ခုနှစ်တွင် တွေ့ဆုံခဲ့သည်။

**(ကိုးကား-ဂါးဒီးယန်)**

**တစ်ချိန်က နိုင်ငံရေးနယ်ပယ်ကို စိတ်မဝင်စားခဲ့သူ ဘီလျံနာတစ်ဦးသည် ယခုအခါတွင် အကြိုရွေးကောက်ပွဲများ၌ ရေကုန်ရေခန်း ကြိုးပမ်းအနိုင်ရရှိလာပြီး ရီပတ်ဘလစ်ကန်ပါတီ၏ တရားဝင် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းဖြစ်လာသူ ဒေါ်နယ်ထရန့်နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို အမိအရ လက်လှမ်းမီနိုင်ရေး ကမ္ဘာ့မူဝါဒရေးဆွဲသူများက အလုအယက်ကြိုးစားနေ**

# အကျင့်ပျက်ခြစားမှုများအတွက် စစ်ဆေးသူများ တရုတ်ဖြန့်ကြက်

**စုရည်**

**ပေကျင်း မေ ၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အဂတိလိုက်စားမှုဆန့်ကျင်ရေး အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် အကျင့်ပျက်ခြစားမှု စုံစမ်းရေးအဖွဲ့ကို ပထမဆုံးအနေဖြင့် တရုတ်တပ်မတော်က စေလွှတ်ခဲ့သည်။

ကမ္ဘာ့အကြီးဆုံး တပ်မတော်အဖွဲ့အစည်းတစ်ခုဖြစ်သည့် People's Liberation Army တွင် အကျင့်ပျက်ခြစားမှု စုံစမ်းရေးများကို သင့်တော်သလို ကိုင်တွယ်ဖြေရှင်းခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့်နှစ်မှစ၍ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နေရာ တပ်မတော်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် အစွမ်းကုန်ပါဝင် လုပ်ဆောင်လျက်ရှိသည်။

တပ်မတော်၊ အစိုးရနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအတွင်း အဂတိလိုက်စားမှုများကို သမ္မတရှီကိုယ်တိုင်ဦးဆောင်၍ ရှင်းလင်းဖယ်ရှားလျက်ရှိသည်။ အင်အားကြီးဗဟိုတပ်မတော်ကော်မရှင်၏ ယခင်ဥက္ကဋ္ဌဟောင်း နှစ်ဦးအပါအဝင် အခြားသောအရာရှိများလည်း အစစ်ဆေးခံလျက်ရှိပြီး တပ်မတော်အနေဖြင့် အဂတိလိုက်စားမှု ချေမှုန်းရာတွင် မအားလပ်နိုင်အောင်ပင်ဖြစ်သည်။

တပ်မတော်အတွင်းဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများသည် လက်ရှိတာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားယူထားသည့် စစ်ဘက်ဆိုင်ရာအရာရှိများကို ခြိမ်းခြောက်လျက်ရှိသည်။

**(ရိုက်တာ)**

# ဂျပန်နိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံကို ဆက်လက်ကူညီသွားမည်

**မောင်တင်**

**ဟန်နွိုင်း မေ ၆**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီရိုကီရှိဒါက ဂျပန်နိုင်ငံအနေနှင့် ဗီယက်နမ်နိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် မေ ၆ ရက်က ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကီရှိဒါက ဗီယက်နမ်မြို့တော် ဟန်နွိုင်းတွင် မတ် ၆ ရက်က ကျင်းပခဲ့သည့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်အစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကီရှိဒါသည် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ဖန်ဘင်မင့်နှင့် အစည်းအဝေးပွဲတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ပါဝင်ဆွေးနွေးသော နှစ်ဖက်နိုင်ငံမှ ခေါင်းဆောင်များသည် နှစ်နိုင်ငံအကျိုးတူဆောင်ရွက်မှုကို သဘောတူခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဂျပန်နိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် သဘောတူခဲ့ သည်။ အရည်အသွေးနှင့်အရေအတွက် ဆိုင်ရာ အခြေခံအဆောက်အအုံပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများကို ထိန်းသိမ်းရန် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ကီရှိဒါက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး မင့်က ဗီယက်နမ်အနေဖြင့် ဂျပန်နဲ့ ဆက်ဆံရေးကို တန်ဖိုးထားကြောင်း နှစ်နိုင်ငံဆက်ဆံမှု ကာလရှည်ကြာရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် အဆင့်မြင့်ကူညီမှုများနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် ကူညီပေးရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ဖားကန့်တွင် မြေစာပိ၍ ၁၃ ဦးသေဆုံး

**ဖားကန့် မေ ၆**

မေ ၅ ရက် ည ၉ နာရီခွဲက ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဘဇာန်ချောက်ကျေးရွာအနီး တစ်သုံးလုံးကုမ္ပဏီလုပ်ကွက် ရေယာဝင်းအတွင်းရှိ လုပ်ကွက် ကမ်းပါးပြိုကျရာ မြေစာပိ၍ လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိပ်မူကျေးရွာအုပ်စု ဘဇာန်ချောက်ကျေးရွာအနီး တစ်သုံးလုံး ကုမ္ပဏီလုပ်ကွက် ရေယာဝင်းအတွင်းရှိ လုပ်ကွက်အတွင်း တူးဖော်လျက်ရှိသည့် အမြင့်ပေ ၅၀၊ အကျယ် ပေ ၂၀၀ ခန့် လုပ်ကွက်ကမ်းပါးမှ အလျား ပေ ၈၀၊ အနံပေ ၈၀ ခန့်ရှိ မြေစာထု ပြိုကျခဲ့ပြီး ရေမဆေးကျောက် ဝင်ရောက်ရှာဖွေသည့် ကျော်ခိုင်၊ ခင်အောင်၊ မျိုးလွင်ဦး၊ ရန်ပင်းချက်တို့ လေးဦးဒဏ်ရာရရှိ၍ ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ကွက်အတွင်းသို့ နယ်မြေခံတပ်မမှူး ဗိုလ်မှူးကြီး သန်းဦး၊ ရဲမှူးကြီး ထွန်းအောင်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် ခေတ္တစခန်းမှူး ရဲအုပ်ကျော်ဖြိုးဝေတို့သည် တစ်သုံးလုံးကုမ္ပဏီမှ ဘက်ဟိုးယာဉ်နှစ်စီး၊ နေမင်းကမ္ဘာ ကုမ္ပဏီမှ ဘက်ဟိုးယာဉ်တစ်စီး၊ သံလွင်တောင်တန်းကုမ္ပဏီမှ ဘက်ဟိုးယာဉ်တစ်စီးတို့ဖြင့် မြေပြိုကျသည့်နေရာအား ရေမဆေး ကျောက်ရှာဖွေသူများပါ ဆုံးသွားခြင်းရှိ မရှိ ရှာဖွေခဲ့ရာ အမျိုးသား ၁၃ ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ သေဆုံးသူများမှာ လီကျန်ဖန်း (၂၆နှစ်)၊ အားကွေ့(၃၀ နှစ်)၊ မောင်မဇုံခင်ရမ် (၂၄ နှစ်)၊ အဝီရမ်ဂုန်ရမ် (၃၁ နှစ်)၊ မောင်ခင်ဆိုင် စင်းအောင် (၂၉ နှစ်)၊ မယစ်ဆင်ဆားရ်(၂၂ နှစ်)၊ ခရီဇီခင်ဇီ၊ ယုံငိုင်ဆင်၊ ခရီဇီဖုန်ဆားရ်၊ မျိုးလွင်ဦး၊ မန်ခုဒီရမ်နှင့် အမည်မသိ အလောင်းနှစ်လောင်းတို့ဖြစ်ပြီး သေဆုံးသူများအား သင်္ဂြိုဟ်လူမှုကူညီရေးအသင်းက မော်တော်ယာဉ်သုံးစီးဖြင့် မေ ၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ဖားကန့်ဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပို့အပ်ထားရှိပြီး ယင်းအမှုအား အမှုဖွင့်စစ်ဆေးဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**




# နိုင်မွန်ချမ်းခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်



**နေပြည်တော် မေ ၆**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် နယ်စပ်ရှိ ပေါက်ပင်ကွင်း-နတ်ကြီးစင် ဒေသနှင့် ရေး-ခေါဇာဒေသတို့၌ လှုပ်ရှားနေသည့် နိုင်မွန်ချမ်း ခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ သဘောထားအမှန်ကို သိရှိနားလည်ပြီး နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ဥပဒေဘောင်အတွင်းဝင်ရောက်လာရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကလိန်အောင်မြို့နယ် ပေါက်ပင်ကွင်း ကျေးရွာအုပ်စု ကင်ပွန်းကျေးရွာ၌ ကြိုဆိုကြသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အဖွဲ့ခေါင်းဆောင် နိုင်မွန်ချမ်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းစစ်ဌာနချုပ်က ပေးအပ်သော ဆန်၊ ဆီနှင့် အဝတ်အထည်များကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ နိုင်မွန်ချမ်း ခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် အဖွဲ့ဝင် ၁၈ ဦးနှင့်အတူ လက်နက်ငယ် ၁၂ လက်၊ ဗုံးသီး ၁၀ လုံး၊ ကျည်မျိုးစုံ ၇၆၄ တောင့်နှင့် ကျည်အိမ်မျိုးစုံ ၁၂ ခုတို့ပါရှိပြီး ၎င်းအဖွဲ့ဝင်များ လုံခြုံစွာ ဘဝရပ်တည်နိုင်ရေး၊ ဥပဒေဘောင်အတွင်း အခြေခံနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့ ပေါင်းစပ်ညှိနှိုင်းကာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

❖ *ကျောဖုံးမှ*

Measurement များ၊ Blood pressure test များ၊ Examinationများ၊ Body Weight စသည့် ကျန်းမာရေးပိုင်းဆိုင်ရာတို့ကို Check up များလုပ်ပြီး အလှမယ် ၅၀ ကို ရွေးချယ်ခဲ့သည်။

Miss Myanmar World 2016 ပြိုင်ပွဲအတွက် အဆိုပါ အလှမယ် ၅၀ အား ယနေ့ ဒုတိယအကြိမ်အဖြစ် စိစစ်ရွေးချယ်မှုများ ပြုလုပ်ပြီး ဆန်ခါတင်အလှမယ် ၂၀ အား ရွေးချယ်ခဲ့သည်။ ယနေ့ ရွေးချယ်လိုက်သည့် အလှမယ် ၂၀ သည် Miss Myanmar World Organization နှင့်အတူ Make up Training များ၊ Show Director Mr.Brain Jeremiah က သင်ကြားပြသပေးသွားမည့် Cat Walk Training များ၊ Portrait Shooting၊ CAR Activity များ ပြုလုပ်သွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံ ဖန်ကောက်မြို့နှင့် ချင်းမိုင်မြို့ခရီးစဉ်များလည်း သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

Miss World 2016 အတွက် ယနေ့ နောက်ဆုံးဆန်ခါတင်ရွေးချယ်လိုက်သည့် Miss Myanmar World 2016 ပြိုင်ပွဲဝင်အလှမယ် ၂၀ မှာ ခါးနံပါတ်(၁) ဂျဲဂျဲ့ (ခင်စန္ဒာကြည်)၊ ခါးနံပါတ်(၂) Bella ၊ ခါးနံပါတ်(၃) ရွှေအိမ်စည်၊ ခါးနံပါတ်(၄) မိုးမြင့်သူခမ်း၊ ခါးနံပါတ်(၅) Mဂျာဆိုင်း၊ ခါးနံပါတ် (၆) နီနီမင်းသူ၊ ခါးနံပါတ်(၇) ပိုးစန္ဒာခင်၊ ခါးနံပါတ်(၈) Tha Dar Mariah ၊ ခါးနံပါတ်(၉) လရိပ်ပြာ၊ ခါးနံပါတ်(၁၀) Tracy၊ ခါးနံပါတ်(၁၁) လုလုဆိုင်းမိုင်၊ ခါးနံပါတ် (၁၂) Pinky May (မြတ်မွန်ရီ)၊ ခါးနံပါတ်(၁၃) ရွှန်းလဲ့ရတီ၊ ခါးနံပါတ်(၁၄) သဉ္ဇာကျော်၊ ခါးနံပါတ်(၁၅) ဇွန်သဇင်သဲ၊ ခါးနံပါတ်(၁၆) ထွန်းပုလဲရတနာ၊ ခါးနံပါတ်(၁၇) Seng Ja Htun ၊ ခါးနံပါတ် (၁၈) လဲ့ယမင်းဦး၊ ခါးနံပါတ်(၁၉) Jelly နှင့် ခါးနံပါတ်(၂၀) ရွှန်းယမုံတို့ ဖြစ်ကြသည်။

Miss Myanmar World 2016 ပြိုင်ပွဲတွင် Winner ဆုကို Organization က ချီးမြှင့်ပေးမည့် ငွေကျပ်သိန်း ၁၀၀ နှင့် Phuket pearl က Crown ၊ 1st Runner Up ရရှိသူကို ငွေကျပ်သိန်း ၃၀ နှင့် Phuket pearl က 1st Runner Up Crown၊ 2nd Runner Up ရရှိသူကို ငွေကျပ်သိန်း ၂၀ နှင့် အတူ 2nd Runner Up Crown တို့နှင့်အတူ အခြားသော ဆုပေါင်းများစွာကိုလည်း ချီးမြှင့်သွားမည်ဖြစ်သည်။ ယနေ့ နောက်ဆုံး ဆန်ခါတင်ရွေးချယ်လိုက်သည့် Miss Myanmar World 2016 ပြိုင်ပွဲအတွက် အလှမယ်များ၏ Activities များကို Channel 7 ရုပ်သံလိုင်းမှ မေ ၁၄ ရက်မှ ၂၉ ရက်အထိ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တို့တွင် ည ၇ နာရီ ၁၅ မိနစ်မှ ၇ နာရီ ၄၅ မိနစ်အထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ Miss Myanmar World 2016 ပြိုင်ပွဲ၏ Grand Final ပွဲကြီးကို လာမည့် ဇွန် ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

# ကျောက်မဲမြို့ရှိ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်မဲ မေ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိလာသော စစ်ဘေးရှောင် ပြည်သူများအား ထောက်ပံ့ပစ္စည်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့က မေ ၆ ရက်တွင် လိုက်လံပေးအပ်လျက်ရှိသည်။

ကျောက်မဲမြို့နယ်အတွင်း TNLA အဖွဲ့နှင့် RCSS အဖွဲ့တို့ ထိပ်တိုက်ထိတွေ့မှုကြောင့် အနီးတစ်ဝိုက်ရှိ ပုံလုံ၊ မန်ပေါက်၊ ဟူးစွန်၊ တွန်ဟိတ်၊ ဟူးကွက် စသော ကျေးရွာများမှ စစ်ဘေးရှောင် ပြည်သူများသည် ကျောက်မဲမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိ လာရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး ခေါင်းဆောင်၍ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

တောင်နောက် ဘုန်းကြီးကျောင်း၌ ရောက်ရှိနေသော အိမ်ထောင်စု ၇၈ စုမှ လူဦးရေ ၂၅၈ ဦး၊ တိလင် ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၂၇ စုမှ လူဦးရေ ၈၃ ဦး၊ နမ့်စစ်လင်းဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၄၉ စုမှ လူဦးရေ ၁၄၄ ဦး၊ ဝေဠုဝန်ဘုန်းကြီး ကျောင်းရှိ အိမ်ထောင်စု ၂၀ မှ လူဦးရေ ၈၃ ဦးတို့အတွက် ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် အဝတ်အထည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဧပြီလ (၁) ရက်နေ့မှ (၁၀) ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ပါရဂူ | အမေ့ခံခရီးသည် | ၅၀၀၀ | စိတ်ကူးချိုချို |
| ၂ | မောင်မြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်းပြည်ချစ်ပန်း | ၁၀၀၀ | သုံးပွင့်ညီညာ |
| ၃ | ဒေါက်တာဦးမောင် | ရခိုင်သားတို့ ရွှေအိပ်မက် | ၂၀၀၀ | ရခိုင်သားကြီး |
| ၄ | ဆူးငှက် | ပန်းဆုယူတာရေသွန်းချိန်မို့ | ၁၅၀၀ | ပဒ္မာဂံ |
| ၅ | မင်းဝင်းထိန် | သွေးချင်းညီအစ်ကိုများငြိမ်းချမ်းရေး ညီညွတ်ရေးဖွံ့ဖြိုးတိုးတက်ရေး | ၂၀၀၀ | ဘုရားဈေး |
| ၆ | မောင်ဒေါင်း | မြရာပင်၌ကြယ်များကြွေကျနေကြ၏ | ၃၀၀၀ | နှစ်ကာလများ |
| ၇ | နေစိုးထက် | ဟိုချီမင်း(သို့)အနိုင်းမဲ့သူရဲကောင်း | ၂၀၀၀ | အားမာန်သစ် |
| ၈ | သဲအိမ်မောင်နေဝါ | အသည်းကွဲတစ်ယောက်ရဲ့စွန် | ၈၀၀၀ | နှစ်ကာလများ |
| ၉ | ဟိန်းလတ် | အင်္ဂလိပ်-မြန်မာ စကားပုံနှင့် ဆိုရိုးစကားများ | ၂၅၀၀ | |
| ၁၀ | Inge Sargent Twilight over Burma | | ၃၂၀၀ | |
| ၁၁ | ကျော်ဇေယျာထွန်း | တစ်ကမ္ဘာလုံးနှင့်တစ်ယောက် | ၂၈၀၀ | မဟာဝီရ |
| ၁၂ | အော်ဖဲ | မော် | ၇၅၀၀ | မြနန္ဒာ |
| ၁၃ | | သိပ္ပံစွန့်စားခန်းများ(၁မှ၉) | ၁၅၀၀ | ဆုပြည့်စုံထွန်းစာပေ |
| ၁၄ | ကျော်ဇောနိုင် | ဗုဒ္ဓသာသနာသမိုင်း | ၂၀၀၀ | Wisdom House |
| ၁၅ | မိုးထွန်း | ကွက်စိပ်ဆန်းများ | ၂၀၀၀ | ဓမ္မရိပ် |
| ၁၆ | ဇာနီအောင် | ခေါင်းဆောင်ဂုဏ်ရည် ခေါင်းဆောင်စွမ်းရည် | ၈၀၀ | ဂန္ထဝင် |
| ၁၇ | ကိုနေ(မန်း) | လောကဝတ်နဲ့အောင်မြင်သူတို့ရဲ အမှုအကျင့်နှင့်ရှောင်ကိုဖေးရဲ့ လူငယ်ကျင့်စဉ်(၇)ချက် | ၃၀၀၀ | ကိုနေ(မန်း) |
| ၁၈ | ကိုတာ | လင်းစေခြင်း | ၁၀၀၀ | မုံရွေး |
| ၁၉ | ကိုတာ | ရှေးကတရုတ်ပြည် | ၁၀၀၀ | မုံရွေး |
| ၂၀ | ကိုတာ | ရှေးကအိန္ဒိယပြည် | ၁၀၀၀ | မုံရွေး |
| ၂၁ | ကိုတာ | ကိုရင်တာ၏တောလားများ(ပေါင်းချုပ်) | ၃၅၀၀ | မုံရွေး |
| ၂၂ | ဦးလှသိန်းထွဋ် | မြန်မာစစ်စစ်မင်းကျန်ရစ် | ၂၀၀၀ | ဆုပြည့်စုံထွန်းစာပေ |
| ၂၃ | လှသမိန် | လက်တွေ့ဘာသာပြန်နည်း | ၁၇၀၀ | ပတ္တမြားငမောက် |
| ၂၄ | ဦးသိန်းအောင် | ကြည်ညိုအစဉ် ဗုဒ္ဓဝင် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၂၅ | ဗဟိန်းမြို့သားများ | | ၂၀၀၀ | ကျားချောင်း |
| ၂၆ | မိုးဇက်ပိုင် | လှပလိုသော်သိထားသင့်သည့် ၁၅၁ချက် | ၁၂၀၀ | စိတ်ကူးချိုချို |
| ၂၇ | မြင့်ထွန်း | တရုတ်-အင်္ဂလိပ်-မြန်မာ နေ့စဉ်အသုံးချစကားအလှ | ၂၅၀၀ | မနော်ဖြူ |
| ၂၈ | မြသန်းတင့် | အနုပဋ္ဌိလောမရုပ်ဝါဒ | ၁၅၀၀ | ယဉ်မျိုး |
| ၂၉ | ရဲဘော်ခင်မောင်ကြီး | ဆိုဗီယက်ကွန်မြူနစ်ပါတီနှင့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခြင်း | ၁၅၀၀ | ယဉ်မျိုး |
| ၃၀ | မင်းအောင်မင်း | ကားလ်မာ့က်စ် | ၁၅၀၀ | ယဉ်မျိုး |

စာအုပ်သတင်းပေးပို့လိုပါက Quality Publishing House စာအုပ်တိုက် ဖုန်း - ၀၁-၃၈၃၆၆၄၊ ၃၈၆၈၃၃ သို့ စာအုပ်တစ်အုပ်ဖြင့် ဆက်သွယ်ပေးပို့နိုင်ပါသည်။

# ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် လက်မှတ်ရေးထိုးပွဲနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အဓိကကူညီပံ့ပိုးပေးမည့် ရွှေဝတီဘဏ်၊ CB Bank၊ International Beverages Trading Co., Ltd (IBTC)၊ အင်းဝဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ Phyo Si Thu Teak Plantaition & ECO Natural Resort စသည့်ဘဏ်များ ကုမ္ပဏီများနှင့် ပြိုင်ပွဲကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သဘောတူ လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနား ကို ရန်ကုန်မြို့ Central Hotel Jade Hall ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် အဓိကကူညီပံ့ပိုးပေးမည့် ရွှေဝတီဘဏ်မှ အထွေထွေမန်နေဂျာ ဦးကျော်ဇောဟန်၊ CB Bank မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ဥမ္မာအေး၊ International Beverages Trading Co., Ltd မှ ဒါရိုက်တာ ဦးတင့်ဦး၊ အင်းဝဘဏ်မှ တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦး၊ ကမ္ဘောဇဘဏ်မှ မန်နေဂျင်း ဒါရိုက်တာ ဦးမိုးဆန်းအောင်၊ မြဝတီဘဏ်မှ အထွေထွေမန်နေဂျာ ဦးမြင့်ထူးနှင့် Phyo Si Thu Teak Plantaition & ECO Natural Resort မှ ဒါရိုက်တာ ဦးကျော်ကိုကိုချစ်တို့က ပြိုင်ပွဲနှင့် ပတ်သက်သည့်ကိစ္စရပ်များကို သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်စကားပြောကြားရာ အဓိကကူညီပံ့ပိုးပေးခဲ့သော ဘဏ်များ၊ ကုမ္ပဏီများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ကူညီပံ့ပိုးပေးခဲ့၍သာ ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ဂေါက်သီးလောက တိုးတက်အောင်ကူညီပေးရာလည်းရောက်ကြောင်းနှင့် ပံ့ပိုးပေးသည့် ဘဏ်များကုမ္ပဏီ လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း နှုတ်ခွန်းဆက်ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




မြန်မာနိုင်ငံ၌ ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၇ခုနှစ်မှစ၍ ၂၀၁၅ခုနှစ် အထိ ကျင်းပနိုင်ခဲ့ပြီး တစ်နှစ်ပတ်လုံး ပြိုင်ပွဲကျင်းပရာမြို့ကြီးများသို့ လိုက်လံကစားသည့် ဂေါက်သီးအားကစားသမား ၂၀၀ခန့်ရှိပြီး နောက်ဆုံး ၂၀၁၅ ခုနှစ်တွင် အကောင်းဆုံးကစားသမားအဖြစ် ပရော်ဖက်ရှင်နယ် အဆင့်တွင် ဇော်ဇော်လတ်ကလည်းကောင်း၊ ဝါသနာရှင်အဆင့်တွင် ကျော်သက်ဦးကလည်းကောင်း၊ အမျိုးသမီးဝါသနာရှင်အဆင့်တွင် ယဉ်မေမျိုးက လည်းကောင်း ရရှိခဲ့သည်။ **ဖိုးသော်ဇင်**

# ယူရိုပါလိဂ် ဆီမီးဖိုင်နယ် လီဗာပူးနှင့် ဆီဗီလာတို့ ပြိုင်ဘက်များကို အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်

ယူအီးအက်ဖ်အေယူရိုပါလိဂ် ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်များကို မေ ၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်မြေတွင် အိမ်ရှင်လီဗာပူးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် ဗီလာရီးရဲကို အနိုင်ရရှိပြီး စပိန်မြေတွင် လက်ရှိချန်ပီယံ ဆီဗီလာက သုံးဂိုး-တစ်ဂိုးဖြင့် ရှက်တာဒိုးနက်ကို အနိုင်ရခဲ့သည်။

ဗီလာရီးရဲနှင့် လီဗာပူးတို့ ပထမအကျော့စပိန်မြေ၌ ကစားစဉ်က လီဗာပူးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ယနေ့ပွဲတွင် လီဗာပူးအသင်းသည် စတာရစ်ကို အထောင်ထားပြီး ၄-၂-၃-၁ ဖြင့် ပွဲထွက်လာပြီး ဗီလာရီးရဲက ၄-၄-၂ ကစားကွက်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။

ပွဲစပြီး ၇ မိနစ်တွင် ဗီလာရီးရဲကွင်းလယ်လူ ဘရူနို လီဗာပူးအသင်း၏ ဖြတ်တင်ဘောကို ဖြတ်ထုတ်ရာမှ ဂိုးဝင်သွား၍ လီဗာပူးတို့ အဖွင့်ဂိုးရခဲ့သည်။ ဒုတိယပိုင်း ၆၃ မိနစ်တွင် တိုက်စစ်မှူးစတာရစ်က ဒုတိယမြောက်ဂိုးသွင်းယူခဲ့ပြီး ၈၁ မိနစ်တွင် လယ်လာနာက လီဗာပူးအတွက် တတိယမြောက် ဂိုးသွင်းယူပေးခဲ့သည်။ ဗီလာရီးရဲနောက်တန်းကစားသမား ဗစ်တာရစ်ဇ်သည် ပွဲချိန် ၇၁ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရပြီး တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲပြီးချိန်တွင်ချေပဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ လီဗာပူးအသင်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဆီဗီလာနှင့် ရှက်တာဒိုးနက်တို့သည် ပထမအကျော့ယူကရိန်းမြေတွင် တစ်ဖက်နှစ်ဂိုးစီး သရေကျထားသည်။ လက်ရှိချန်ပီယံ ဆီဗီလာသည် စပိန်မြေတွင် အနိုင်ရရှိရေး ပွဲစစချင်း တိုက်စစ်မြှင့်ခဲ့ရာ ပွဲချိန် ကိုးမိနစ်မှာပင် တိုက်စစ်မှူး ဂါမီရိုက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၄ မိနစ်တွင် တိုက်စစ်မှူး အက်ဒူယာဒိုက ရှက်တာဒိုးနက်အတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ဆီဗီလာအတွက် အနိုင်ဂိုးများကို ၄၇ မိနစ်တွင် ဂါမီရို၊ ၅၉ မိနစ်တွင် မာရီယာနိုတို့က သွင်းယူခဲ့ပြီး ဆီဗီလာအသင်း နှစ်ကျော့ပေါင်း ငါးဂိုး-သုံးဂိုးဖြင့် ဗိုလ်လုပွဲတက်ရောက်သွားသည်။

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ဖလားကို ဆီဗီလာအသင်းလေးကြိမ်ရရှိထားကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး လီဗာပူးက သုံးကြိမ်ရရှိထားသည်။ ယူရိုပါလိဂ်ဗိုလ်လုပွဲကို ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့ ဂျက်ကော့ပက်ခ်စ်ကွင်း၌ မေ ၁၈ ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

**EUROPA LEAGUE**

---

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့**

**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော ကျောင်းသုံးဗလာစာအုပ် (နှစ်ကြောင်းမျဉ်းရိုးရိုး) ၂၃၃၃၃၉ ဒါဇင်အား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၃၉၁၇၀၊ ၀၂-၃၃၇၈၄၊ ၀၂-၃၃၈၆၁ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **ရောင်းချရက်** - ၆-၅-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၅-၅-၂၀၁၆ ရက်
(ဂ) **ရောင်းချမည့်နေရာ** - မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့၊ မန်ကန်မြို့များမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/ တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံး ပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** အမှတ်(၁)(၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်)

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၅-၂၀၁၆ ရက် (၁၆:၃၀)နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၅-၂၀၁၆ ရက် (၁၀:၃၀)နာရီ

၅။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊လမ်းဦးစီးဌာန၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ ဖုန်း-၀၈၂-၇၄၁၄၇

၆။ အသေးစိတ်အချက်အလက်များသိလိုပါက ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

၇။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့၊ မန်ကန်မြို့ ရုံးများတွင် လာရောက်ဝယ်ယူ တင်သွင်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

ဥက္ကာလာပမြို့နယ်/မ၊ အရာရှိဖြစ် ဘူများ ရေမြေလွှင် အတင်းဝေ ဆုံမည်မဟုတ်
လုံကြည်မှာဘဏ်နှံပါ ငွေတုန်လုပ်ငန်းမမြင်စေရ
ပါမောက္ခ(ငြိမ်း) SH မြင့်သူထက် VU ဝါရင့်ဆရာ/မများ
**အဝေးသင်တက္ကသိုလ် အထောက်အကူပြု**
**အတန်းစုံ၊ မေဂျာစုံ**
**၈၊၉၊၁၀တန်း** နေ့တက် ဝိုင်း
**လက်ခံနေပြီ**
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း) ၊ ရန်ကုန်။
ဖုန်း - ၀၉၇၃၃၀၀၈၅၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၅၀၄၀၀၅

---

**ရှားရှားပါးပါး
စော်ဘွားကြီးကုန်းဈေးကွက်တွင်း
ဆိုင်ခန်း၂ထပ် ၂ခန်းတွဲရောင်းမည်**

နေရာအလွန်သန့်၊ ခေါင်တွင် Slab နောက်တစ်ထပ်လောင်းပြီး ၅၀%ခန့် လူတစ်ရပ်စာလွတ်။ ဘဏ်ဖွင့်ရန် အလွန်သင့်တော်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၉၀၀၃၃၆၊ ၀၉-၇၃၁၇၇၅၅၇ (ရုံးချိန်အတွင်း)**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၉၊ မြေကွက်အမှတ် ၄၆၅၊ မြေကွက်တည်နေရာအမှတ် ၄၆၅၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (ဦးကောလျန်ခွဲ) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးကောလျန်ခွဲ(ဖခင်) ကွယ်လွန်၊ဒေါ်နော်လားပွယ်(မိခင်)ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်နန်းထိုက်လျှန် ၁၂/အစန(နိုင်)၁၇၈၈၃၇နှင့် ဦးထန်းယာလျှန် ၁၂/အစန(နိုင်)၁၇၈၈၃၈တို့မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်၊ သေစာရင်းတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဖောင်းကြွပျောက်
လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/4309 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

**ဖောင်းကြွပျောက်
လျှောက်ထားခြင်း**

ယာဉ်အမှတ် 3C/3297 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ (ရွာသာကြီး)**

---

**ဖောင်းကြွပျောက်
လျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/1874 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

**ဖောင်းကြွပျောက်
လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/2516 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့ရုံး
မွန်ပြည်နယ်**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ရုံးသုံးဇည့်ကြိုယာဉ်(Land Cruiser)တစ်စီးအား မြန်မာငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသူသည် မော်တော်ယာဉ် အရောင်းကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် ဒေသခံကုမ္ပဏီအား ဦးစားပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

၃။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၅-၂၀၁၆ရက် (သောကြာနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၉-၅-၂၀၁၆ ရက် (ကြာသပတေးနေ့)
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၅၇-၂၄၉၇၃၊ ၀၅၇-၂၄၇၃၀

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး
မော်လမြိုင်မြို့**

ဖုန်း- ၀၅၇-၂၄၉၇၃၊ ၀၅၇-၂၄၇၃၀

---

**အိမ်မြေကွက်ရောင်းသည်**

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ခရိုင်ချင်းဆက်လမ်းမကြီး၊ ကျောက်ပြားစက်ရုံနှင့် ပိုးသတ်ဆေးစက်ရုံအနီး ကိုယ်ပိုင်ဥယျာဉ်ခြံမြေတွင် ပေ ၄၀× ပေ ၆၀ မြေကွက်များဖော်ထုတ်ပြီး ဒေသစည်ပင်သာယာဖွံ့ဖြိုးရေး ရည်ရွယ်၍ အမှန်တကယ်နေထိုင်လိုသူများ ဝယ်ယူနိုင်စေရန် သက်သာသောဈေးနှုန်း ကျပ် ၂၃ သိန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။ အနည်းငယ်သော လက်ကျန်မြေကွက်များအား နေရာကောင်းရရှိရေး အမြန်လာရောက်ဝယ်ယူနိုင်ကြရန် အသိပေးကြေညာအပ်ပါသည်။ ဝယ်ယူသည့်မြေကွက်အပေါ် အမည်ပေါက်ရသည်အထိ ကူညီဆောင်ရွက်ပေးပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၁၇၃၁၂၅၃၊ ၀၉-၇၈၇၁၀၄၅၉၈၊ ၀၉-၃၀၀၅၄၁၄၈၊ ၀၉-၇၃၁၇၅၁၃၈**

---

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ဦးမျိုးအောင်၏ သမီးဖြစ်သူ မမျိုးပပအောင် ၁၃/တကန(နိုင်)၂၈၇၇၀၄ သည် မိဘဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘခွင့်မလွှတ်နိုင်သော ကိစ္စရပ်အားအကြိမ်ကြိမ် မိမိ၏ဆန္ဒအလျောက် ပြုလုပ်သွား ပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ ထာဝရအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို
အထက်တန်းရှေ့နေ (စဉ်-၂၃၂၉၉)
အမှတ် ၁၂၂၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

**ဖခင်အမည်မှန်**

ပဲခူးမြို့ အထက(၆) နဝမတန်း (B)မှ မနန်းသူဇာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးသူရ ဖြစ်ပါသည်။
**ဦးသူရ ၇/ပခန(နိုင်)၀၈၄၈၁၃**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်၊ အထကခွဲ(၃)၊ ပဉ္စမတန်း (A)တွင် ပညာသင်ကြားနေသော မောင်စွမ်းထက်နိုင်၏ဖခင် ဦးဝေဖြိုးသူနှင့် ဦးဖြိုးသူ ၉/ပမန(နိုင်)၁၆၃၃၈၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကျော်ကျော်ထွန်း ၁၀/ပမန(နိုင်)၀၀၉၂၇၄၏ Passport (No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၈၀၀၅၈၁**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ မမိုးမိုးအောင် ၁၀/မလမ(နိုင်)၂၄၈၈၉၆၏ Passport (No မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

---

**RC(၂)ထပ်လုံးချင်းတိုက်ငှားမည်**

မြသီတာအိမ်ရာဝင်း၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၆)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
**ဖုန်း-၀၉-၂၅၀၄၅၄၅၀၀၊ ၀၉-၅၄၀၂၅၂၆**

---

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်(လိပ်ကန်)၊ တိုက်အမှတ် ၄၊ အခန်းအမှတ် ၁၀၂ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးငြိမ်း CI-၀၂၄၆၇၂ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးထုံ ဟွာ(ခ)ဦးကျော်မြင့် ၁၂/ကတတ(နိုင်)၀၀၃၆၆၉က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ထင်သာမြင်သာပြုပြင်စရာ

# ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် အရိပ်ရသစ်ပင်ကြီးများ တိုးချဲ့စိုက်ပျိုးသင့်

သစ်ပင်သစ်တောများ ပြုန်းတီးခြင်းနှင့်အတူ ပြောင်းလဲလာသည့် ရာသီဥတုကြောင့် ယခုနှစ်တွင် အပူချိန်မြင့်တက်မှုဒဏ်ကို နိုင်ငံတစ်ဝန်း အလူးအလဲခံစားခဲ့ကြရသည်။ အပူချိန်မြင့်တက်မှုဒဏ်ကို ခံရသည့်အထဲတွင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတစ်လျှောက် နေရာများလည်း ပါဝင်သည်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းသည် နှစ်သက်တမ်းရှည်ကြာသော လမ်းမကြီးဖြစ်သည်နှင့်အမျှ ရှေးယခင်ကစိုက်ပျိုးခဲ့သော ကုက္ကိုပင်ကြီးများကြောင့် မကြာသေးမီကာလတစ်ခုအထိ အရိပ်အာဝါသကောင်းစွာ နားခိုနိုင်ခဲ့ကြသော်လည်း ယခုနောက်ပိုင်းတွင် လမ်းဖောက်ပြုပြင်သူများက ကုက္ကိုပင်ကြီးများကို ကတ္တရာကျိုရန် ခုတ်လှဲခြင်းနှင့် အနီးအနားမှ ကျေးရွာများက အိမ်သုံးထင်းအဖြစ် ခုတ်လှဲခြင်းများရှိခဲ့ရာ သက်တမ်းရင့်ကုက္ကိုပင်ကြီးများစွာ ပျက်စီးဆုံးရှုံးသွားခဲ့ရပြီဖြစ်သည်။

"ကျွန်တော်တို့ ရေတာရှည်တောင်ဘက်အထွက်မှာ အရိပ်ရသစ်ပင်တန်းတွေ စိုက်ထားတာ အကုန်လုံးခုတ်ပြီး ထင်းအဖြစ်ရောင်းစားပစ်ကုန်တာ။ မဖြစ်သင့်ပါဘူး"ဟု ရေတာရှည်မြို့ခံတစ်ဦးက ပြောသည်။ အပင်ကြီးများ ပျက်စီးသွားသော်လည်း အပင်သစ်အစားထိုးစိုက်ပျိုးခြင်းမှာမူ လုံးဝမရှိခဲ့သည့်အတွက် အရိပ်အာဝါသကောင်းမွန်သည့် သစ်ပင်များကို အမြန်ဆုံးပြန်လည်စိုက်ပျိုးသင့်ကြောင်းလည်း ၎င်းကပင် ဆက်၍ပြောသည်။

ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားရေဆင်းဘက်တွင်သာ အရိပ်ရကုက္ကိုပင်များကို မြင်တွေ့ကြရပြီး အဆိုပါ အရိပ်ရကုက္ကိုပင်များမှာ လမ်းမပေါ်၌ နေ့စဉ်မောင်းနှင်သွားလာလျက်ရှိသော ယာဉ်မျိုးစုံအတွက် နားခိုရန်အကောင်းဆုံးနေရာများ ဖြစ်နေဆဲဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ရန်ကုန်-မန္တလေး လမ်းဟောင်းတစ်လျှောက်တွင် ယခင်ကဲ့သို့ ယာဉ်မျိုးစုံနားခိုရာ နေရာများ ပြန်လည်ပေါ်ပေါက်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုရန်အတွက် အရိပ်ရသစ်ပင်ကြီးများကို ပြန်လည်စိုက်ပျိုးသင့်ကြောင်း ရေတာရှည်မြို့နယ်အတွင်းမှ ဒေသခံများက အကြံပြုပြော ကြားလျက်ရှိသည်။

**ကိုလွင်(ဆွာ)**



# တိုက်ကြီးမြို့ ရေစက်တောင်ကျေးရွာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်



**တိုက်ကြီး မေ ၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရေစက်တောင်ကျေးရွာ အောင်သာကုန်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ တတိယအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၂၉ ရက်မှ မေ ၂၈ရက် အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းသားသင်တန်းသူ ၂၀၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို အောင်သာကုန်းကျောင်း ပဓာနဆရာတော်က ဦးစီးဖွင့်လှစ်ခြင်းဖြစ်သည်။ "ဘုန်းကြီးတို့ကျောင်းက မြို့နဲ့လည်းလှမ်းတယ်။ သစ်တောထဲမှာ အစိုးရက သာသနာ့နယ်မြေ ရွာမြေသတ်မှတ်ပေးလို့ နေရတာ။ ကလေးတွေရဲ့မိဘတွေက ဆင်းရဲကြတယ်။ ပြန့်ကြဲနေတော့ စာသင်ကျောင်းတက်ရတာလည်း ဝေးတယ်။ ဒါကြောင့် ဒီကလေးတွေကို ကျောင်းပိတ်ချိန်မှာ ဘုရားတရားသံဃာကြည်ညို တတ်အောင် မိဘဆရာလူကြီးတွေကို ရိုသေလေးစားတတ်အောင် သင်ပေးတာပါ။ နောင်အနာဂတ်ကလေးတွေ ကောင်းလာအောင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးတာပါ"ဟု ဆရာတော်က မိန့်ကြားသည်။

သင်တန်းတက်ရောက်သော ကျောင်းသား ကျောင်းသူများကို ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကွန်ပါဘူး၊ လွယ်အိတ်စသည်များ ထောက်ပံ့ပေးသည့်အပြင် အာဟာရပါ ကျွေးမွေးကြောင်း၊ ယဉ်ကျေးလိမ္မာသင်တန်းသို့ တက်ရောက်သည့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော မလေးရှားဝိုင်၊ ကျောက်တောင်၊ ရေစက်တောင်၊ မေတ္တာအင်း၊ သပြေရိုးကျေးရွာများမှ ကျောင်းသားများကို အသွားအပြန် မော်တော်ယာဉ်များဖြင့် ကြိုပို့ပေးကြောင်း၊ ထို့အပြင် ကျောင်းသား ၇၀၊ ကျောင်းသူ ၃၀ တို့ကို ကိုရင်ဝတ်ခြင်း၊ သီလရှင်စီးပေး ခြင်းများကိုလည်း မေ ၁၅ ရက်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ကျောက်ပန်းတောင်း တစ်မြို့နယ်လုံး သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားမည်

**ကျောက်ပန်းတောင်း မေ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ကို တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် သန့်ရှင်းသာယာလှပသော မြို့နယ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပလတ်စတစ်ကင်းစင်နယ်မြေအဖြစ် အကောင်အထည်ဖော် ဆောင်ရန်အတွက် မေ ၁၃ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ မေ ၄ ရက်က ကျင်းပခဲ့သော အဖွဲ့ပေါင်းစုံညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတင်ထူးမောင်က လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာနှင့် အခြားဌာနဆိုင်ရာများ၊ ရပ်ကွက်အသီးသီးရှိ လူမှုရေးအသင်းအဖွဲ့များ၊ Youth For All လူငယ်အဖွဲ့ဝင်များ စုပေါင်း၍ မြို့ပေါ်ရှိရပ်ကွက်များသို့ ကွင်းဆင်းပြီး ပြည်သူများအား မိမိတို့မီးဖိုချောင်သုံးအမှိုက်များ၊ လုပ်ငန်းသုံးအမှိုက်များကို သတ်မှတ်ထားရှိသည့် အမှိုက်ကျင်း၊ အမှိုက်ပုံးများအတွင်း စနစ်တကျစွန့်ပစ်ရန် ပညာပေးစည်းရုံးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုပေါင်းဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းပါဝင်နိုင်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် တစ်လလျှင်တစ်ကြိမ် ပညာပေးဟောပြောခြင်းနှင့် စုပေါင်းအမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို လူငယ်ကွန်ရက်အဖွဲ့များ၊ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နေ့ရက်နှင့်အချိန် သတ်မှတ်နိုင်ရေးကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ဝိုင်းဝန်းဆွေးနွေးအကြံပြုမှုများအရ လာမည့် မေ ၁၃ ရက်တွင် ပထမအကြိမ်အဖြစ် စုပေါင်းဆောင်ရွက်ရန် သတ်မှတ်ခဲ့ပြီး ရပ်ကွက်အသီးသီးမှ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်ကွန်ရက်အဖွဲ့များ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက်တွင် ထပ်မံပြုလုပ်သွားရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးသို့ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်ကွန်ရက်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**

# ကျေးရွာများအရောက် အသက်မွေးဝမ်းကျောင်း လက်သမားပညာများ သင်ကြားပေး

**ဟသ်ာတ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားပညာ စာတွေ့လက်တွေ့သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက် ၉ နာရီက လက်ပံစုကျေးရွာ ငြိမ်းချမ်းအေး စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဟသ်ာတမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇော်လွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းပို့ချမည့်ဘာသာရပ်နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး ပဲကြီးကျွန်းကျေးရွာအုပ်စုအတွင်းရှိ ပဲကြီးကျွန်း၊ လက်ပံစု၊ ကုက္ကိုစု၊ ရေလယ်ကျွန်း၊ ဥယျာဉ်၊ အေးရွာ၊ စည်ပင်သာယာကျေးရွာများမှ လက်သမားပညာစိတ်ပါဝင်စားသူ ၃၀ တက်ရောက်ခဲ့ပြီး မေ ၂ ရက် မှ ၆ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေရှားပါးသည့်ကျေးရွာများ ရေရရှိမှုအဆင်ပြေစေရေး ကွင်းဆင်းဆောင်ရွက်

**သံတွဲ မေ ၆**

နွေရာသီရေရှားပါးမှုအား ကူညီဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် သံတွဲခရိုင် ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးလှကြည်၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့် ဝန်ထမ်းများ မေလပထမပတ်က တောင်ကုတ်မြို့နယ် မြို့တောင်ကျေးရွာအုပ်စုရှိ မြို့တောင်အရှေ့၊ မြို့တောင်ကြီးကျေးရွာနှင့် နန်းရာကုန်းကျေးရွာများသို့ ရောက်ရှိပြီး ရေရှားပါးမှုကြောင့် ရွာမကျေးရွာသို့ ဟွန်ဒါလှေငယ်များဖြင့် ရေသယ်ယူနေရသဖြင့် အခက်အခဲများ အဆင်ပြေစေရေးအတွက် မြို့တောင်ကြီးကျေးရွာနှင့် မြို့တောင်အရှေ့ကျေးရွာတို့အတွက် တစ်ရွာလျှင် ဆီဖိုးထောက်ပံ့လှူဒါန်းငွေကျပ် ၇၅၀၀၀ နှင့် နန်းရာကုန်းကျေးရွာအတွက် ငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာရေရရှိရေးကော်မတီဥက္ကဋ္ဌများက လက်ခံ ယူကြသည်။

ထို့နောက် ကျေးရွာရေရရှိရေးကော်မတီများနှင့် ကျေးရွာသူ ကျေးရွာသားများက ရေရှည်တွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးလှကြည်နှင့်အဖွဲ့သည် ကျောက်ဆိပ်တောင်ကျေးရွာအုပ်စု ကျောက်ဆိပ်တောင်ကျေးရွာသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဂေါပကအဖွဲ့များနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး ရေသွယ်တန်းမှုကို ရေပြတ်လပ်မှုမဖြစ်ပေါ်မီ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**



ရွှေတိဂုံစေတီတော် ကုသလသုခရောင်တော်ဖွင့်နှင့် ကုဋီသန့်ရှင်းရေးအသင်းသည် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များအတွင်းရှိ ကျေးရွာရပ်ကွက်များ၌ ယခုနှစ် သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရသည့်အတွက် မေ ၁ ရက်က သောက်ရေသန့်များ သွားရောက်လှူဒါန်းစဉ်

(၃၄၉)

# ကျိုက်မရောမြို့နယ်ရှိ တိုက်ခန်းများကို မဲနှိုက်၍ အငှားချပေးရန် လျှောက်လွှာတင်ထားခဲ့သောဝန်ထမ်းများ မျှော်လင့်လျက်ရှိ



**မော်လမြိုင် မေ ၆**

ယခင် မွန်ပြည်နယ် အစိုးရအဖွဲ့မှ အငြိမ်းစားယူသွားသော ဝန်ထမ်းများနှင့် လုပ်သက် ၂၅ နှစ်အထက် ဝန်ထမ်းများအား ကျိုက်မရောမြို့နယ် အား/ကာသိပ္ပံကျောင်းဘေးရှိ တိုက်ခန်းများကို အငှားချထားပေးရန် လျှောက်လွှာများရောင်းချပြီးနောက် မဲနှိုက်ရန်ကြေညာထားသောရက် ကျော်လွန်သည့်တိုင်အောင် မဲမနှိုက်ရသေးသဖြင့် မဲနှိုက်၍ အငှားချထားပေးရန် ဝန်ထမ်းများ မျှော်လင့်နေကြကြောင်း သိရသည်။

ဝန်ထမ်းများအား အငှားချပေးရန်အတွက် ကျိုက်မရောမြို့နယ် အား/ကာသိပ္ပံကျောင်းဘေးတွင် အခန်း ၁၆ ခန်းပါ လေးထပ်တိုက်လေးလုံးကို တည်ဆောက်ခဲ့ပြီး မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ မတ် ၂၄ ရက်မှစ၍ လျှောက်လွှာများကို တစ်စောင်လျှင် ကျပ်နှစ်ထောင်နှုန်းဖြင့် ရောင်းချခဲ့ကြောင်း၊ စတင်ရောင်းချချိန်က ဧပြီ ၃၀ ရက်တွင် မဲနှိုက်ပေးသွားမည်ဟု အသိပေးကြေညာခဲ့ကြောင်း၊ သို့သော် လျှောက်လွှာအရောင်းပိတ်သည့် မတ် ၂၉ ရက်တွင် မဲနှိုက်မည့်ရက်ကို ထပ်မံကြေညာမည်ဟု ပြောင်းလဲအသိပေးခဲ့ကြောင်း၊ ယခုအခါ ဝန်ထမ်းများမှာ လျှောက်လွှာများကို ဝယ်ယူထားချိန် တစ်လကျော်နေပြီဖြစ်ပြီး မဲနှိုက်မည့်ရက်ကို မျှော်လင့်နေရကြောင်း လျှောက်လွှာတင်ခဲ့သော ဝန်ထမ်းအချို့က ပြောသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဒေါ်ခင်သီသီက ဌာနအနေဖြင့် ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်အရ လျှောက်လွှာတစ်စောင်ကို နှစ်ထောင်ကျပ်နှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး လျှောက်လွှာပေါင်း ၉၃၀ ကို ရောင်းချခဲ့ရကာ ငွေကျပ် ၁၈၆၀၀၀ ရရှိခဲ့ကြောင်း၊ ယခု မဲနှိုက်မည့်အချိန် ကြာမြင့်နေခြင်းမှာ အစိုးရသစ်လက်ထက် မူဝါဒအရ ညွှန်ကြားချက်စောင့်နေခြင်း ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဌာနသို့ မူဝါဒအကြမ်း ရောက်ရှိနေပြီဖြစ်ပြီး အတည်မပြုရသေးကြောင်း၊ အတည်ပြုပြီးပါက အငြိမ်းစားဝန်ထမ်းများကို ဦးစားပေးကာ ကျန်ပင်စင်ယူခါနီး ဝန်ထမ်းများကိုပါ မဲနှိုက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ လုပ်သက်နှစ် ကြီးစဉ်ငယ်လိုက် စာရင်းဇယားများကို ပြုလုပ်ထားပြီးဖြစ်ကာ မကြာမီ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လက်ရှိအချိန်တွင် လျှောက်လွှာဝယ်ယူထားသော ဝန်ထမ်းများအနေဖြင့် မဲနှိုက်ပေးမည့်ရက်အတိအကျကို မသိရသေးသဖြင့် မဲနှိုက်မည့်ရက်ကို စိတ်ဝင်စားစွာ စောင့်မျှော်လျက်ရှိသည်။

**တင်ထွန်း(မော်လမြိုင်)**

# ဒေသဖွံ့ဖြိုးရေးအတွက် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် တစ်နှစ်အတွင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မီဒီယာရှင်းလင်းပွဲပြုလုပ်

**မုံရွာ မေ ၆**

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှု လျော့နည်းပြီး အပူချိန်များ မြင့်တက်ကာ ရေရှားပါးသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိရာ အဆိုပါ ရာသီဥတုဖြစ်စဉ်များကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေရှားပါးသော ကျေးရွာများသို့ ရေပေးဝေထောက်ပံ့မှုနှင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း မီဒီယာများအား ရှင်းလင်းပွဲကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ မေ ၃ ရက်က ပြုလုပ်ခဲ့သည်။

မီဒီယာရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းကျော်မျိုးက အယ်နီညိုဖြစ်စဉ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သောက်သုံးရေပြတ်လပ်မှုကြုံတွေ့ရသော ကျေးရွာများသို့ ရေဖြန့်ဝေပေးမှုအခြေအနေများကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးတွင် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

# နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**မင်းဘူး မေ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မီးသတ်တပ်ဖွဲ့အဆောက်အအုံ၌ နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးခဲ့သည်။ ထို့နောက် မီးငြိမ်းသတ်မှုသရုပ်ပြသမှုများကို ဆက်လက်ပြုလုပ်ရာ ဆီမီးလောင်မှုကို ကျောလွယ်မီးသတ်ဆေးဘူး(Water Mix)ဖြင့် ငြိမ်းသတ်ခြင်း၊ အမြှုပ်လုပ်မီးသတ် ပိုက်ခေါင်း၊ အမြှုပ်ဆေးရည်ဖြင့် ငြိမ်းသတ်ခြင်း၊ အထပ်မြင့် အဆောက်အအုံများ မီးလောင်မှုတွင် လှေကားထောင်၍ မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်စက်စွမ်းအင်များအား သရုပ်ပြသခြင်းတို့ကို ပြုလုပ်ခဲ့သည်။

နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ မင်းဘူးမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**တင်ထွန်းဦး(မင်းဘူး)**

# လယ်ယာမြေနည်းဥပဒေဆိုင်ရာ သင်တန်းဖွင့်လှစ်

**ပခုက္ကူ မေ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ လယ်ယာမြေနှင့်ပတ်သက်သည့် အမြဲအမိန့်(၁၈၅) ရက်တိုသင်တန်းကို မေ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မေ ၆ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးဟောက်ဆွင်းမန်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်လင်းနိုင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ အမြဲမိန့်(၁၈၅)သည် ၂၀၁၂ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သီးနှံစိုက်ပျိုးထုတ်လုပ် စာရင်းများပြုစုခြင်းနှင့် မြေခွန်စည်းကြပ်ခြင်းများတွင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ဝန်ကြီးဌာန၏ညွှန်ကြားချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ ကောက်ယူမှုကိန်းဂဏန်း မှန်ကန်ရေး၊ မြေတိုင်းတာမှုတွင် မြေကြီးမြေပုံစာရင်းအင်း တူညီမှန်ကန်ရေး၊ မြေခွန်စည်းကြပ်မှု မှန်ကန်ရေးစသော အဓိကအချက်များကို ပို့ချခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်း ၅၈ ဦး တက်ရောက်ခဲ့သည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

## သတင်းတိုများ

### ကလေးမြို့၌ သူငယ်တန်း(ကေဂျီ)သင် ဆရာ၊ ဆရာမများ လေ့ကျင့်ပေးရေး သင်တန်းပို့ချ

ယခု ၂၀၁၆ - ၂၀၁၇ ခုနှစ် ပညာသင်နှစ်တွင် စတင်သင်ကြားတော့မည့် သူငယ်တန်း (ကေဂျီ)သင်ရိုးသစ်ကို ကျောင်းသား၊ ကျောင်းသူများအား သင်ကြားပြသမည့် ဆရာ ဆရာမများအနေဖြင့် ချောမွေ့စွာ သင်ကြားနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဆရာ ဆရာမများ လေ့ကျင့်ပေးရေး သင်တန်းများကို မြို့နယ်အသီးသီးတွင် ဆင့်ပွားဖွင့်လှစ်လျက်ရှိရာ ကလေးမြို့နယ်၌လည်း ဧပြီ ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သူငယ်တန်းသင်ရိုးသစ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးအဆင့်တွင် တက်ရောက်ခဲ့ပြီးသော သင်တန်းနည်းပြ ၂၀ က မြို့နယ်အတွင်းရှိသင်တန်းသား ဆရာ ဆရာမ ၃၈၆ ဦးအား ဆင့်ပွားပို့ချလျက်ရှိသည်။

**ချင်းတွင်းသား**

### (၅၄၂)ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်လှစ်

ဗဟိုဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ဖွင့်လှစ်သော (၅၄၂)ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ် သင်တန်းဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ ရွှေသိမ်တော် မဟာစည်သာသနာ့ရိပ်သာ၌ မေ ၄ ရက်က ကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာယာကပ်ကျောင်းဆရာတော်က သြဝါဒမိန့်ကြားပြီး ဗဟိုဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ဆရာမ ဒေါ်ယဉ်ယဉ်မော်က ဓမ္မစကူးလ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းကို တစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ ပြန်လည်ဖွင့်လှစ်မည့် သင်တန်း ၁၃ ဌာနမှ ဌာနတစ်ခုလျှင် ငါးဦးနှုန်းဖြင့် သင်တန်းသား ၆၅ ဦးတက်ရောက်ခဲ့သည်။ သင်တန်းတွင် ဗဟိုဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ နည်းပြဆရာလေးဦးဖြင့် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

### ကျေးရွာရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်းမှ ရေရှားပါးသော ကျေးရွာများတွင် ရေရရှိရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရက် ၁၀၀ စီမံချက်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်နေသော ကျေးရွာများဖြစ်သည့် သံဘိုကျေးရွာအုပ်စု တောင်အောက်ကျေးရွာ၌ ငွေကျပ် ၇ ဒသမ ၉၂၇ သန်း တန်ဖိုးရှိ ရေပန့်တပ်ဆင်ခြင်း၊ ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် တယ်ပင်ကျေးရွာ၌ ငွေကျပ် ၄ ဒသမ ၅ သန်းဖြင့် လက်တူးတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျိုးလျှန်ဗွိုင်းနှင့် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ နည်းပညာ ဦးစိုးဝင်းထွန်းတို့ မေ ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

### ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်နေသော ရေနံတောင်ကျေးရွာအုပ်စု ရေငံရွာနှင့် ကျည်တိုင်ကွင်းရွာ၊ ပိုးစုကြီးကျေးရွာအုပ်စု ကန်သာယာကျေးရွာများသို့ သောက်သုံးရေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မီမီခိုင်နှင့် ဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်းရုံးမှ ဝန်ထမ်းများ စုပေါင်း၍ ဧပြီလ စတုတ္ထပတ်နှင့် မေလပထမပတ်အတွင်း သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်း၍လည်းကောင်း၊ ဌာနဆိုင်ရာ ရေသယ်ယာဉ်များ၊ ကုမ္ပဏီရေသယ်ယာဉ်များနှင့် ပုဂ္ဂလိကရေသယ်ယာဉ်များအတွက် စက်သုံးဆီဖိုးများထောက်ပံ့ပေးကာ ရေသယ်ယူဖြန့်ဝေပေး၍လည်းကောင်း မြို့နယ်အတွင်းမှ ကျေးရွာများအားလုံးတွင် နွေရာသီကာလ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဗိုလ်**

# လူတစ်ယောက်လျှင် သစ်တစ်ပင် စိုက်ကြစို့

တစ်နေ့က သတင်းစာမှာ သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ တစ်နိုင်ငံလုံးမှာ ရာသီဥတု ဖောက်ပြန်မှုကြောင့် သေဆုံးသွားတဲ့ ကျွဲနွားတွေအတွက် တစ်ကောင်ကို ငွေကျပ် ၁၀သိန်းနှုန်းနဲ့ ပရဟိတဖောင်ဒေးရှင်းတစ်ခုက မြန်မာပြည်အနှံ့အပြားမှာရှိတဲ့ တောင်သူတွေကို လှူဒါန်းနေတာတွေ့လိုက်ရတော့ ကြည်နူးတဲ့စိတ်နဲ့ သာဓုခေါ်ခဲ့မိသလို တစ်ဖက်မှာလည်း ဝမ်းနည်းတဲ့စိတ် ဖြစ်ပေါ်ခဲ့ရပါတယ်။ ကြည်နူးတာကတော့ ဘယ်သူမှ မစဉ်းစားမိတဲ့ တောင်သူတွေရဲ့ဆုံးရှုံးမှု၊ ပြည်သူတွေရဲ့ ပျက်စီးနစ်နာမှုတွေကို ဒီနည်းနဲ့ ကျေးဇူးပြုလှူဒါန်းတဲ့အတွက်ကြောင့်ပါ။ ဒီအလှူကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ သာဓုအကြိမ်ကြိမ် ခေါ်မိပါတယ်။ တစ်ဖက်က ဝမ်းနည်းမိတာကတော့ ဒီနှစ်မှာ ထူးထူးခြားခြားဖောက်ပြန်လာတဲ့ ရာသီဥတုကြောင့် ပြည်သူတွေရဲ့ ပျက်စီးဆုံးရှုံးမှုများအတွက်ပါ။

တကယ်တော့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့နိုင်ငံ ဖြစ်ပါတယ်။ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းတယ်လို့ မည်သို့ဆိုစေကာမူ လယ်ယာကဏ္ဍမှာ ကျွဲနွားတွေကို အားကိုးအားထားပြုနေရဆဲ ဖြစ်ပါတယ်။ ကျွဲနွားတွေဟာ တောင်သူလယ်သမားတွေရဲ့ အားထားရတဲ့သတ္တဝါတွေ ဖြစ်ပါတယ်။ ဒီသတ္တဝါတွေဟာ ဒီနှစ်မှာ မကြုံစဖူး ထူးကဲစွာဖောက်ပြန်တဲ့ရာသီဥတုကြောင့် မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခံရခြင်း၊ လေပြင်းတိုက်ခံရခြင်း၊ အပူရှိန်လွန်ကဲစွာခံရခြင်းတို့ကြောင့် မြန်မာပြည်အဝန်းမှာ သေကြေပျက်စီးကုန်ပါတယ်။ တောင်သူလယ်သမားတွေရဲ့အားထားရတဲ့ သတ္တဝါတွေ ကြွေလွင့်ပျက်စီးကုန်တော့ တောင်သူတွေ ဝမ်းနည်းပက်လက်ဖြစ်ကုန်ကြပါတယ်။ ဒါကို အဲဒီဖောင်ဒေးရှင်းက ကျွဲနွားတစ်ကောင်ကို ကျပ် ၁၀ သိန်းနှုန်းနဲ့ ပေးလှူခဲ့တာ ဖတ်ရတော့ တောင်သူတွေ ကြည်နူးဝမ်းသာကြသလို ကျွန်တော်လည်း ဘေးကကြည့်ရင်း ကြည်နူးပီတိဖြစ်ခဲ့ရပါတယ်။

ယမန်နှစ် နှစ်လယ်ပိုင်းကတည်းက မြန်မာပြည်တစ်ဝန်းမှာ အယ်နီညိုရာသီဥတုကြောင့် ရာသီဥတုဖောက်ပြန်မှုတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။ တကယ်တော့ ဒီလိုရာသီဥတုဖောက်ပြန်ခြင်းရဲ့အခြေခံအကြောင်းတရားကတော့ သစ်တောများပြုန်းတီးခြင်းကြောင့်လို့ သုံးသပ်မိပါတယ်။ ဒီလို သစ်တောများပြုန်းတီးမှုဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခဲ့ပြီး လွန်ခဲ့တဲ့ ၁၀ စုနှစ် နှစ်ခုကျော်လောက်ကတည်းက ပိုမိုဆိုးရွားလာခဲ့တာကို သတိပြုမိပါတယ်။ သစ်တောများပြုန်းတီးမှုဟာ ကမ္ဘာပေါ်မှာ သက်ရှိတွေ မှီတင်းနေထိုင်ရမှုအပေါ် ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ ဒီလို သစ်တောပြုန်းတီးမှုကြောင့် ကမ္ဘာ့လေထုအတွင်း အောက်ဆီဂျင်ထုတ်လုပ်ပေးနိုင်စွမ်း လျော့ကျသွားပြီး အသုံးမဝင်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တွေ ပိုမိုတိုးပွားလာစေပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့လေထုညစ်ညမ်းမှုတွေဟာ သစ်တောပြုန်းတီးမှုများတဲ့ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဖြစ်များလာတာ တွေ့ရပါတယ်။ ဒါ့အပြင် ကမ္ဘာကြီးဟာ သာမန်ထက်ပိုပြီး အပူရှိန် ပြင်းထန်လာပါတယ်။ ကမ္ဘာ့သမုဒ္ဒရာရေထုဟာလည်း ပုံမှန်အပူရှိန်မဟုတ်တော့ဘဲ ဖောက်ပြန်တဲ့အပူရှိန်တွေ ဖြစ်ပေါ်လာတဲ့အတွက် ဝင်ရိုးစွန်းဒေသတွေမှာရှိတဲ့ ရေခဲတောင်တွေဟာ အရည်ပျော်ကုန်ပါတယ်။ ဒါ့အပြင် မိုးရွာသွန်းတဲ့အခါ အဲဒီမိုးရေကို စုပ်ယူထိန်းသိမ်းနိုင်တဲ့သစ်ပင်တွေ မရှိတော့တဲ့အတွက် ကမ်းပါးများ မကြာခဏ ပြိုကျခြင်းများကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ အဆိုးဆုံးကတော့ မြေအောက်ရေများရဲ့ ဂေဟာစနစ်တစ်ခုလုံး ပျက်ယွင်းသွားခြင်းပါပဲ။

ဒီနှစ်အတွင်း မြန်မာပြည်အနှံ့မှာ နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လပ်မှုများ ပိုမိုဖြစ်ပေါ်လာတာဟာလည်း သစ်တောပြုန်းတီးမှုရဲ့အခြေခံအကြောင်းတရားလို့ ဆိုနိုင်ပါတယ်။ အချို့ဒေသတွေမှာ သနားစရာကောင်းလောက်အောင် ရေရှားပါးပြတ်လပ်မှုတွေ ကြုံတွေ့ခဲ့ပါတယ်။ လူတွေသာမကဘဲ တိရစ္ဆာန်တွေပါ သောက်သုံးရေ အခက်ကြုံခဲ့ကြတာ သတင်းစာတွေမှာ နေ့စဉ် တွေ့မြင်နေရပါတယ်။ အချို့ဒေသတွေကျတော့ လေပြင်းတွေတိုက်ခတ်မှု ခံရပါတယ်။ အချို့ဒေသတွေမှာ ထန်းသီးလောက်ရှိတဲ့ မိုးသီးတွေကြွေကျပြီး လူတွေ၊ တိရစ္ဆာန်တွေ သေကြေပျက်စီးကုန်ပါတယ်။ အချို့ဒေသတွေမှာ မိုးကြိုးတွေ ပစ်ပါတယ်။ ဒါတွေဟာ တကယ်တော့ သစ်ပင်သစ်တောနဲ့ အမှီသဟဲပြုနေတဲ့ လူတွေရဲ့ မှားယွင်းတဲ့လုပ်ဆောင်မှုတွေကြောင့်၊ ညံ့ဖျင်းသေးသိမ်တဲ့ စီးပွားရေးလောဘ ဝိသမစိတ်တွေနဲ့ သစ်တောတွေခုတ်ခဲ့တာကြောင့် ဂေဟာစနစ်ကြီး ပျက်စီးယိုယွင်းခဲ့ခြင်းလို့ ဆိုရမှာပါ။



တွံတေးမြို့နယ်အတွင်းရှိ ရေပြတ်လပ်နေသော ကျေးရွာတစ်ရွာ၏ မြင်ကွင်း

ဒါဆိုရင် အခု ကျွန်တော်တို့တွေ ဘာလုပ်ကြရမှာလဲဆိုတဲ့မေးခွန်း ပေါ်လာပါပြီ။ ရာသီဥတုပြောင်းလဲမှု၊ ဖောက်ပြန်မှုတွေနဲ့ ဂေဟာစနစ်ပျက်စီးယိုယွင်းမှုတွေကို ကာကွယ်ဖို့ တစ်ခုတည်းသောနည်းလမ်းက သစ်ပင်များ စိုက်ပျိုးကြဖို့ ဖြစ်ပါတယ်။ သစ်ပင်တစ်ပင် ဆုံးရှုံးသွားရင် အစား ၁၀ ပင် ပြန်စိုက်သင့်ပါတယ်။ ဒီ ၁၀ ပင်မှာ ဘယ်နှစ်ပင်က ထိရောက်စွာ ကြီးထွားလာမလဲ မသိနိုင်ပါ။ တောင်ကိုးရီးယားမှာ ကျောက်တောင်တွေမှာတောင် သစ်ပင်ရအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြန်မာ့ရေမြေမှာ သစ်ပင်စိုက်ရင် ၅၀ ရာခိုင်နှုန်း ရှင်သန်နိုင်ပါတယ်။ ဒါကို အစိုးရနဲ့ ပြည်သူ ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း အတိဒုက္ခရောက်နေကြတဲ့ ပြည်သူတွေကို နည်းအမျိုးမျိုးနဲ့ ကူညီထောက်ပံ့ပေးနေတဲ့ ပရဟိတအဖွဲ့များနဲ့ အစိုးရအာဏာပိုင်အဖွဲ့အစည်းတွေ ပူးပေါင်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ရက်ပိုင်းအတွင်း ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်နေကြရတဲ့ ပရဟိတအဖွဲ့တစ်ခုကတော့ ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဖြစ်ပါတယ်။ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဟာ မြန်မာပြည်အနှံ့အပြား စက်ရေတွင်းတွေကို ကျပ်ငွေ ဘီလီယံချီ အကုန်အကျခံပြီး တူးဖော်ပေးနေသလို ရေတွင်းရေကန်တွေ၊ ဆည်တွေကိုလည်း တူးဖော်ပေးပါတယ်။ အိမ်တိုင်ရာရောက် ရေဝေခြင်း၊ ရေသွယ်တန်းပေးခြင်းတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အချိန်တိုင်း ပြည်သူကို နည်းလမ်းမျိုးစုံနဲ့ ကူညီပံ့ပိုးပေးခဲ့တာ တွေ့ရပါတယ်။ ကျွဲနွားတွေအတွက် တစ်ကောင် ကျပ် ၁၀ သိန်း အလှူတွေပေးနေတာ ဒီပရဟိတအဖွဲ့ပါ။ အခြား ပရဟိတအဖွဲ့များစွာဟာလည်း ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေကို နည်းမျိုးစုံနဲ့ ကူညီပေးနေကြတာ တွေ့ရပါတယ်။

ဒါပေမယ့် ပရဟိတအဖွဲ့တွေ၊ အစိုးရဌာနဆိုင်ရာတွေက ဘယ်လိုပဲ ကူညီပေးစေကာမူ ဒီပြဿနာက ငြိမ်းအေးသွားမှာမဟုတ်ပါဘူး။ အဓိကလုပ်ဆောင်ရမှာကတော့ ‘အရင်းစစ်တော့ အမြစ်မြေက’ ဆိုသလို အဓိက လိုအပ်နေတဲ့ သစ်ပင်တွေ၊ သစ်တောတွေ လုံလောက်စွာ ရှိဖို့ပါပဲ။ ဒါကြောင့် သစ်ပင်သစ်တောခုတ်ယူမှုတွေကို ရှောင်ရှားစေပြီး ပြည်သူတိုင်း ဒီနှစ်မိုးရာသီအစ လာမယ့်ဇွန်လမှာ သစ်ပင်တစ်ပင်နှုန်း မည်သည့်နေရာမှာမဆို စိုက်ပျိုးကြဖို့ အစိုးရ၊ ပြည်သူနဲ့ ပရဟိတအဖွဲ့တွေ စည်းလုံးညီညွတ်စွာ နှိုးဆော်နိုင်မယ်ဆိုရင်တော့ မြန်မာနိုင်ငံကြီးဟာ မကြာမီကာလအတွင်းမှာပဲ အတိုင်းအတာတစ်ခုအထိ စိမ်းလန်းစိုပြည် အေးချမ်းလာမှာ မလွဲပါ။ ။

**ပရဟိတအဖွဲ့တွေ၊ အစိုးရဌာနဆိုင်ရာတွေက ဘယ်လိုပဲ ကူညီပေးစေကာမူ ဒီပြဿနာက ငြိမ်းအေးသွားမှာ မဟုတ်ပါဘူး။ အဓိကလုပ်ဆောင်ရမှာကတော့ ‘အရင်းစစ်တော့ အမြစ်မြေက’ ဆိုသလို အဓိကလိုအပ်နေတဲ့ သစ်ပင်တွေ၊ သစ်တောတွေ လုံလောက်စွာ ရှိဖို့ပါပဲ။ ဒါကြောင့် သစ်ပင်သစ်တောခုတ်ယူမှုတွေကို ရှောင်ရှားစေပြီး ပြည်သူတိုင်း ဒီနှစ်မိုးရာသီအစ လာမယ့်ဇွန်လမှာ သစ်ပင်တစ်ပင်နှုန်း မည်သည့်နေရာမှာမဆို စိုက်ပျိုးကြဖို့ အစိုးရ၊ ပြည်သူနဲ့ ပရဟိတအဖွဲ့တွေ စည်းလုံးညီညွတ်စွာ နှိုးဆော်နိုင်မယ်ဆိုရင်တော့ မြန်မာနိုင်ငံကြီးဟာ မကြာမီကာလအတွင်းမှာပဲ အတိုင်းအတာတစ်ခုအထိ စိမ်းလန်းစိုပြည် အေးချမ်းလာမှာ မလွဲပါ**

**ရာဇာ (ဖွံ့ဖြိုးမှုပညာ)**

## မြိုင်မြို့နယ်အတွင်းမှ ရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေး



**မြိုင် မေ ၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းမှ ရေရှားပါးသည့် ကျေးရွာများမှ ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန်အတွက် မြို့နယ်ရေပေးဝေရေးကော်မတီနှင့် မြို့နယ်လမ်းဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂ ရက်မှ ၄ ရက်အထိ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

မေ ၂ ရက်တွင် လင်းကတောကျေးရွာအုပ်စု ပူတွင်းကျေးရွာသို့ ရေဂါလန် ၄၀၀၀ ကိုလည်းကောင်း၊ မေ ၃ ရက်တွင် ဝက်ပုတ်ကျေးရွာအုပ်စု ဝက်ပုတ်ရွာမသို့ ရေဂါလန် ၂၄၀၀ ကိုလည်းကောင်း၊ နှမ်းဆီကန်ကျေးရွာသို့ ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း၊ မေ ၄ ရက်တွင် ပေပင်တိုက်ကျေးရွာအုပ်စု ချောင်းဦးတိုကျေးရွာသို့ ရေဂါလန် ၃၂၀၀ နှင့် နှမ်းဆီကန်ကျေးရွာသို့ ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး အခြားကျေးရွာများတွင် ရေရှားပါးပြတ်လပ်မှု ပေါ်ပေါက်ပါက ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**အောင်ကျော်မြင့်**




## မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

**ဘားအံ မေ ၆**

မေ ၅ ရက်တွင် ကျရောက်သည့် နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ မီးသတ်တပ်ဖွဲ့ဝင်များ မေ ၂ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်မီးသတ်ဌာနမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏ ဦးဆောင်မှုဖြင့် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးတို့က သွေးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဘားအံပြည်သူ့ဆေးရုံကြီးမှ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာစေးကွာလာ(ခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ သွေးလှူဘဏ်ဌာနမှ တာဝန်ခံ ဒေါ်ချောစုလတ်နှင့် ဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# အူရီဒူးက လုပ်ငန်းသုံး ဆက်သွယ်ရေးဝန်ဆောင်မှုသစ်ကို စတင်မိတ်ဆက်

**ရန်ကုန် မေ ၆**

ပုံမှန် တစ်ဦးချင်း ဖုန်းအသုံးပြုသူများအနေဖြင့် မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းသုံးအနေဖြင့် အသုံးပြုသူများအတွက် ပို၍ပြည့်စုံကောင်းမွန်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုများကို ရရှိနိုင်မည့် သီးသန့်လုပ်ငန်းသုံး ဆက်သွယ်ရေးဝန်ဆောင်မှုများကို အူရီဒူးမြန်မာက စတင်မိတ်ဆက်ထားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သီးသန့်လုပ်ငန်းသုံး ဆက်သွယ်ရေးဝန်ဆောင်မှုများအရ စီးပွားရေးလုပ်ငန်းများအနေဖြင့် သတ်မှတ်အုပ်စုအတွင်း ကုန်ကျစရိတ်မရှိဘဲ ဖုန်းပြောဆိုနိုင်ခြင်း၊ သုံးပြီးသည့်အချိန်မှ ကျသင့်ငွေကောက်ခံခြင်း၊ လုပ်ငန်းသုံးနှင့် တစ်ကိုယ်ရည်သုံးကို ခွဲခြားထားနိုင်ခြင်း၊ လုပ်ငန်းလိုအပ်ချက်နှင့်အညီ သတ်မှတ်အသုံးပြုနိုင်မည့် ဝန်ဆောင်မှု၊ ကြိုတင်ရွေးချယ်သတ်မှတ်ထားနိုင်မည့် အင်တာနက်အစီအစဉ် အစရှိသည့် ဝန်ဆောင်မှုများကို အကျိုးရှိစွာ ရွေးချယ်အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ လုပ်ငန်းသုံးအစီအစဉ် ဒါရိုက်တာ Anadi Agnihotri က "စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းကိုစီမံခန့်ခွဲရာမှာ သမားရိုးကျနည်းလမ်းတွေကိုသာ မှီခိုဆောင်ရွက်စရာ လိုမှာမဟုတ်တော့ပါဘူး။ ကြိုတင်ငွေပေးစနစ်နဲ့ ၁၀ လိုင်း၊ လိုင်း ၂၀၊ လိုင်း ၅၀၊ ဒါမှမဟုတ် ဒီထက်ပိုတဲ့ လိုင်းတစ်ခုချင်းစီကို လိုင်းပေါင်းများစွာ ယူနေတာထက်စာရင် အူရီဒူးက ကမ်းလှမ်းထားတဲ့ အထူးလုပ်ငန်းသုံး ဖုန်းဆက်သွယ်ရေးစနစ်ကို အသုံးပြုတာက အသုံး စရိတ်ကို လျှော့ချနိုင်မှာပါ။ ဒါ့အပြင် အခုဆိုရင် စီးပွားရေးလုပ်ငန်းတွေအတွက် ဒေသတွင်းသာမက နိုင်ငံတကာနဲ့ပါ ဆက်သွယ်နိုင်မယ့်အခြေအနေ ရှိနေပါပြီ"ဟု ပြောသည်။

ရန်ကုန်နှင့်ပဲခူးအပါအဝင် ဒေသခံရုံးခွဲများအတွင်း ဈေးသက်သက်သာသာနှင့် ဖုန်းဆက်သွယ်နိုင်ရန်အတွက် အူရီဒူးလုပ်ငန်းသုံးအစီအစဉ်ကို ရယူ အသုံးပြုနေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် BRAC International မှ တာဝန်ရှိသူတစ်ဦးက အူရီဒူးမြန်မာအနေဖြင့် ကုန်ကျစရိတ်သတ်မှတ်မှတ်နှင့် နေရာစုံ အပြန်အလှန်ဖုန်းဆက်သွယ်နိုင်မည့် အုပ်စုတွင်းဖုန်းဆက်သွယ်မှု(Closed User Group)ကို ကမ်းလှမ်းခဲ့ကြောင်း၊ ဝယ်ယူပြီးနောက်တွင် BRAC International အနေဖြင့် အသုံးစရိတ်ကို သိသိသာသာလျှော့ချနိုင်ခဲ့ကြောင်း ပြောကြားသည်။ ထို့အပြင် အုပ်စုတွင်းဖုန်းဆက်သွယ်မှု အစီအစဉ်တွင် မိမိတို့ဖွဲ့စည်းပုံအလိုက် ရာထူးအဆင့်သတ်မှတ်ချက်နှင့်အညီ အဖိုးနှုန်းထားအမျိုးမျိုးကို ပုံသေမဟုတ်ဘဲ အလွယ်တကူ ပြောင်းလဲသတ်မှတ်နိုင်ကြောင်းလည်း သိရသည်။

အူရီဒူးမြန်မာအမှုဆောင်အရာရှိချုပ် Rene Meza က "မြန်မာနိုင်ငံအနေနဲ့ အခုဆို ဈေးကွက်စီးပွားရေးစနစ်အရ ကမ္ဘာအနှံ့အပြားက စီးပွားရေးလုပ်ငန်းတွေကို လာရောက်ရင်းနှီးမြှုပ်နှံခွင့်ပေးနေတာကို တွေ့ရပါတယ်။ အခုလို စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်ချက်နဲ့ကိုက်ညီတဲ့ ကမ္ဘာ့အဆင့်မီ လုပ်ငန်းသုံးဆက်သွယ်ရေးနည်းလမ်းတွေနဲ့ အချိန်ပြည့်ဝန်ဆောင်မှုစနစ်တွေကို မိတ်ဆက်ပေးနိုင်တဲ့အတွက် ဝမ်းသာပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်းများ အနေဖြင့် လုပ်ငန်းသုံးဆက်သွယ်ရေး နည်းလမ်းများကို ဝန်ဆောင်မှုပေးခြင်း နည်းနေသေး၍ ဖွံ့ဖြိုးဆဲဖြစ်သော မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ၏ ဆက်သွယ်မှုပိုမိုအဆင်ပြေစေရန် လုပ်ငန်းသုံးဝန်ဆောင်မှုကို အူရီဒူးမြန်မာက စတင်ပြုလုပ်ပေးခြင်းဖြစ်ကာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းလိုအပ်ချက်များနှင့်ကိုက်ညီမည့် ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဖုန်း-၀၉-၉၇၀၀၀၀၂၃၄ တွင် အသေးစိတ်စုံစမ်းမေးမြန်း၍ ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း နည်းပညာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ "Single Sign On" ခေါင်းစဉ်ဖြင့် နည်းပညာ ဆွေးနွေးဟောပြောပွဲကို လှိုင်မြို့နယ်၊ MICT Park အခန်း (၂၀၅)၌ မေ ၁၄ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ရန်ကုန်မြို့ရှိ Teromic Technologies မှ စီအီးအို ဦးခရစ္စတိုဖာ ထွန်းဝင်းသန့်က Single Sign On(SSO) အကြောင်းနှင့် SSO နည်းပညာများကို ရှင်းလင်းဟောပြောမည်ဖြစ်ပြီး ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ကြောင်းနှင့် ဟောပြောပွဲသို့ အဖွဲ့အစည်းများတွင် Software Products & Solutions ပိုင်း၌ အထောက်အကူ ပြုလုပ်ကိုင်နေသူများ တက်ရောက်သင့်ကြောင်း သိရသည်။ ဟောပြောပွဲနှင့်ပတ်သက်၍ အသေးစိတ် အချက်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# ဆိုက်ဘာပြစ်မှုများကို တိုင်ကြားနိုင်

**ရန်ကုန် မေ ၆**

လူမှုကွန်ရက် Facebook ပေါ်တွင် စော်ကားပြောဆိုခြင်း၊ ခြိမ်းခြောက်ခြင်း အပါအဝင် ဆိုက်ဘာပြစ်မှုများနှင့်ပတ်သက်၍ တိုင်ကြားနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် သတင်းနှင့် နည်းပညာဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လူမှုကွန်ရက်ပေါ်တွင် ကာယကံရှင်၏ ခွင့်ပြုချက်မရှိဘဲ ဓာတ်ပုံဖြင့်အရှက်ခွဲခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာတိုက်ခိုက်ခြင်း (Personal Attack)၊ ခြိမ်းခြောက်၍ ငွေညှစ်ခြင်းနှင့် အစော်ကားခံရခြင်းများ ကြုံတွေ့လာပါက ကာယကံရှင်ကိုယ်တိုင် ခိုင်လုံသော သက်သေအထောက်အထား(Electronic Record) ဖြင့် တရားစွဲဆိုနိုင်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် သတင်းနှင့်နည်းပညာဌာနက ထုတ်ပြန်ထားခြင်းဖြစ်သည်။

တိုင်ကြားရန်အတွက် (Cyber Crime Police) ဖုန်း-၀၆၇-၄၀၇၁၅၈ သို့ ဆက်သွယ်၍ တိုင်ကြားနိုင်ပြီး သက်သေအထောက်အထား ခိုင်လုံပါက သက်ဆိုင်ရာမြို့နယ်တရားရုံးနှင့် နယ်မြေရဲစခန်းများတွင်လည်း ဆက်သွယ်ရေးဥပဒေဖြင့် ဦးတိုက်လျှောက်ထား တိုင်တန်းနိုင်ကြောင်း သိရသည်။ ထို့အပြင် ဖေ့စ်ဘုတ်အကောင့်အတု (Fake Account)များကို ပြုလုပ်အသုံးပြုနေသူများကိုလည်း စုံစမ်းအရေးယူနိုင်ရန် ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# ၂၀၁၆ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းများကို အွန်လိုင်းတွင်ကြော်ငြာမှု မြင့်တက်လာ

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းအများစုသည် ၂၀၁၆ နှစ်စပိုင်းမှစ၍ အွန်လိုင်းဖြင့် ကြော်ငြာမှု ပိုမိုမြင့်တက်လာကြောင်းနှင့် အွန်လိုင်းမှ ကြော်ငြာရာတွင် အဓိကအားဖြင့် Facebook တွင် sponsor ဖြင့် ကြော်ငြာသကဲ့သို့ ဝက်ဘ်ဆိုက်များ၏ ကြော်ငြာနေရာများတွင်လည်း ကြော်ငြာမှုများ ပိုမိုများပြားလာကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့လုပ်ငန်းရှင်အများစုက သူတို့ Branding ကို ပိုအားကောင်းလာအောင် ဆိုရှယ်မီဒီယာကို အသုံးပြုတာ ပိုမိုမြင့်တက်လာပါတယ်။ ပစ္စည်းတစ်ခုကို Launching လုပ်တာဖြစ်ဖြစ်၊ ပရိုမိုးရှင်းလုပ်တာဖြစ်ဖြစ် အွန်လိုင်းကနေကြော်ငြာလာတာ များတယ်။ အွန်လိုင်းမှာဆိုရင်လည်း Facebook တစ်ခုတည်းသာမက ဝက်ဘ်ဆိုက်တွေကနေတစ်ဆင့် ကြော်ငြာလာတာကို တွေ့ရပါတယ်။ လူငယ်အသုံးအဆောင်ပစ္စည်းတွေနဲ့ မိုဘိုင်းဖုန်းတွေကို အွန်လိုင်းမှာ ပိုပြီးကြော်ငြာတာ တွေ့ရပါတယ်။ လက်ရှိ မြန်မာပြည်တွင်းမှာရှိတဲ့ ဝက်ဘ်ဆိုက်တွေမှာဆိုရင်လည်း သူတို့နဲ့ Related ဖြစ်တဲ့ ကြော်ငြာတွေကို ပိုကြော်ငြာလာတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့်ဆိုရင် ကားဝက်ဘ်ဆိုက်တွေမှာဆိုရင် Branding ကားအမျိုးအစားတွေဖြစ်တဲ့ တိုယိုတာလို၊ ချက်ဗလက်လို ကားတွေကို ကြော်ငြာလာတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်မှာဆိုရင် အလှကုန်တွေ၊ ကျောင်းတွေနဲ့ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းတွေ ကြော်ငြာလာကြပါတယ်။ နောက်ပိုင်းလည်း ဒီကြော်ငြာဈေးကွက်က ထပ်မြင့်လာအုန်းမှာပါ"ဟု အခမဲ့ကြော်ငြာဝက်ဘ်ဆိုက် Ads.com.mm မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အွန်လိုင်းတွင် ကြော်ငြာမှုများ ပြုလုပ်နေသော လူသုံးကုန်ပစ္စည်းကုမ္ပဏီ မန်နေဂျာတစ်ဦးက "ကျွန်တော်တို့ ကုမ္ပဏီက လူသုံးကုန်ပစ္စည်းအများစုကို အွန်လိုင်းပေါ်မှာပဲ ပိုကြော်ငြာဖြစ်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ပစ္စည်းတွေက အလှအပနဲ့ ကျန်းမာရေးဆိုင်ရာပစ္စည်းတွေများတော့ လူငယ်တွေကို အဓိကပစ်မှတ်ထားရတာပေါ့။ လူငယ်အများစုအတွက် အွန်လိုင်းကနေတစ်ဆင့် ကြော်ငြာတာက ပိုထိရောက်တယ်လို့မြင်တဲ့အတွက် အွန်လိုင်းမှာကြော်ငြာဖြစ်ပါတယ်။ Long Term ပရိုမိုးရှင်းတွေ ကျပြန်တော့ ကျွန်တော့်ဘက်က သတင်းစာတွေမှာကြော်ငြာတာကို သဘောကျပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်း လူကြိုက်အများဆုံးဝက်ဘ်ဆိုက်များမှာ Channel Myanmar, Funny.com.mm, 7 Day Media, သစ်ထူးလွင်နှင့် Ads.com.mm ဝက်ဘ်ဆိုက်များဖြစ်ပြီး အဆိုပါဝက်ဘ်ဆိုက်များတွင် စီးပွားရေးလုပ်ငန်းအမျိုးမျိုး၏ ကြော်ငြာများကို မြင်တွေ့နေရသည်။

**သူရဖြိုး**

# ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ DrMyanmar ဝက်ဘ်ဆိုက်တွင် ကဏ္ဍသစ်များ တိုးချဲ့မည်

**ရန်ကုန် မေ ၆**

ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အကြောင်းအရာများကို တင်ပေးနေသော www.drmyanmar.com ဝက်ဘ်ဆိုက်တွင် ကဏ္ဍသစ်များ တိုးချဲ့ရန်နှင့် မိုဘိုင်းအပလီကေးရှင်းများ ထုတ်ဝေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဝက်ဘ်ဆိုက်တွင် ကဏ္ဍသစ်အဖြစ် အွန်လိုင်းမှတစ်ဆင့် ကျန်းမာရေးဆိုင်ရာကိစ္စများကို ကျွမ်းကျင်ဆရာဝန်များနှင့် တိုင်ပင်ဆွေးနွေးနိုင်မည့် ဆေးခန်းကဏ္ဍနှင့် အများပြည်သူဗဟုသုတရစေနိုင်မည့် ကျန်းမာရေးဆိုင်ရာ ဗီဒီယိုဖိုင်များ တင်ပေးသည့် အစီအစဉ်သစ်များတိုးချဲ့ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့အပြင် မိုဘိုင်းအပလီကေးရှင်းကိုလည်း နောက်ပိုင်းတွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိုဘိုင်းအပလီကေးရှင်းထုတ်ရာတွင် ပြည်တွင်း၌ အန်းဒရွိုက်ဖုန်းအသုံးပြုသူအများစုဖြစ်သဖြင့် အန်းဒရွိုက်ကို ဦးစားပေး၍ လုပ်မည်ဖြစ်ပြီး ios ကို ဒုတိယအဆင့်အနေဖြင့် လုပ်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်မူ ဝက်ဘ်ဆိုက်သစ်ကို လူသိများ၊ လူသုံးများစေရန်အတွက် လုပ်ဆောင်လျက်ရှိကြောင်း ဝက်ဘ်ဆိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

DrMyanmar.com ဝက်ဘ်ဆိုက်နှင့်အတူ Facebook Page ကိုလည်း ဖေဖော်ဝါရီလအတွင်းက စတင်ကြေညာခဲ့ပြီး ရန်ကုန်မြို့တွင်းမှ အထူးကုဆရာဝန်ကြီးများ၏ ဆေးခန်းထိုင်ချိန်၊ မြို့နယ်အလိုက် ဆေးရုံ၊ ဆေးခန်းလိပ်စာများ၊ အရေးပေါ်ဆက်သွယ်နိုင်မည့်ဖုန်းနံပါတ်များ၊ ဆေးရုံ၊ ဆေးခန်းများ၏ ဝန်ဆောင်မှုများကို ဖော်ပြလျက်ရှိသည်။ ကျန်းမာရေးဆိုင်ရာ သတင်း၊ ဆောင်းပါးများကိုလည်း အတွေ့အကြုံရှိကျွမ်းကျင်ဆရာဝန်များအဖွဲ့က ရေးသား၍ တင်ပေးလျက်ရှိသည်။ ထို့အပြင် ဖေ့စ်ဘုတ်မှတစ်ဆင့် မေးမြန်းသော ကျန်းမာရေးဆိုင်ရာ မေးခွန်းများကိုလည်း တာဝန်ကျဆရာဝန်များက နေ့စဉ်ဖြေကြားပေးလျက်ရှိသည်။

**သူရဖြိုး**

# အူရီဒူးသုံးသူများ တစ်မဂ္ဂါဘိုက်လျှင် သုံးကျပ်နှုန်းဖြင့် ဖေ့စ်ဘုတ်အသုံးပြုနိုင်မည်

**ရန်ကုန် မေ ၆**

အူရီဒူးဖုန်းသုံးစွဲနေသူများအနေဖြင့် ဖေ့စ်ဘုတ်စ်အသုံးပြုရာတွင် တစ်မဂ္ဂါဘိုက်လျှင် သုံးကျပ်နှုန်းဖြင့် အကန့်အသတ်မရှိ အသုံးပြုနိုင်မည့် အစီအစဉ်တစ်ရပ်ကို အူရီဒူးက စတင်ပြုလုပ်ထားပြီဖြစ်သည်။

အဆိုပါအစီအစဉ်ကို ရယူသုံးစွဲခြင်းဖြင့် တစ်မဂ္ဂါဘိုက်လျှင် သုံးကျပ်နှုန်းဖြင့် ဖေ့စ်ဘုတ်ကို အကန့်အသတ်မရှိ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်ကို သုံးစွဲမည်ဆိုပါက အူရီဒူးဆင်းကတ်ဖြင့် နံပါတ် *4444# ကိုခေါ်ဆိုလိုက်ရုံသာ လိုအပ်ပြီး အစီအစဉ်ကို ရယူပြီးပါက သုံးစွဲမှုပမာဏကို ကန့်သတ်ထားခြင်းမရှိဘဲ ဖေ့စ်ဘုတ်အတွက် အထူးနှုန်းဖြစ်သော တစ်မဂ္ဂါဘိုက်လျှင် သုံးကျပ်နှုန်းဖြင့် ဓာတ်ပုံနှင့် ဗီဒီယိုများကြည့်ခြင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုများဖေ့စ်ဘုတ်ပေါ်သို့ တင်ခြင်းစသည့် ဖေ့စ်ဘုတ်အသုံးပြုမှုများအပြင် ဖေ့စ်ဘုတ်မက်ဆင်ဂျာသုံးခြင်း၊ မက်ဆင်ဂျာတွင် အသံနှင့် ဗီဒီယိုဖုန်းခေါ်ဆိုခြင်းများကို စိတ်ကြိုက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာသည် အဆိုပါအစီအစဉ်ကို ဧပြီ ၂၉ ရက်တွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး အစီအစဉ်ကို အသုံးမပြုလိုတော့ပါက နံပါတ် *4445# ကို ခေါ်ဆို၍ ပြန်လည်ပယ်ဖျက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အစီအစဉ်ကို ရယူသုံးစွဲပါက ဖေ့စ်ဘုတ်အသုံးပြုခြင်းအတွက် ဈေးသက်သာမည်ဖြစ်သော်လည်း အူရီဒူးမှ အခြားအော်ပရေတာများကို ခေါ်ဆိုခမှာ တစ်မိနစ်လျှင် ၃၅ ကျပ်အထိ ဈေးနှုန်းတိုး၍ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# ဈေးနှုန်းချိုသာတဲ့ စမတ်ဖုန်းမော်ဒယ်သစ် Singtech Z450

Singtech Z450 ဟာ ပြည်တွင်းဈေးကွက်မှာ နာမည်ရခါစ အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Singtech က နောက်ဆုံးတင်သွင်းထားတဲ့ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။ ဧပြီလကုန်ပိုင်းက ပြည်တွင်းဈေးကွက်မှာ စတင်ရောင်းချခဲ့ပြီး ဈေးနှုန်းချိုသာသလို အရည်အသွေးလည်း ကောင်းမွန်တဲ့ဖုန်းမော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။

Singtech Z450 ဟာ မျက်နှာပြင်အကျယ် ၄ ဒသမ ၅ လက်မရှိပြီး Resolution ကတော့ 480x854 ပစ်ဇယ်ပဲရှိလို့ တန်ဖိုးကြီးဖုန်းတွေနဲ့ယှဉ်ရင် နိမ့်နေပါတယ်။ အန်းဒရွိုက်ဗားရှင်းအနေနဲ့ 5.1(Lollipop)ကို သုံးထားပါတယ်။ မိုဘိုင်းနက်ဝပ်အနေနဲ့ GSM နဲ့ WCDMA နက်ဝပ်တွေ အသုံးပြုနိုင်ပြီး ဆင်းကတ်နှစ်ကတ်သုံးနိုင်ပါတယ်။ အင်တာနက်က 3G နဲ့ 4G နက်ဝပ်တွေကို သုံးနိုင်ပါတယ်။

ဟာ့ဒ်ဝဲပိုင်းမှာတော့ 1.3Ghz Quad core CPU နဲ့ အင်တာနယ်မင်မိုရီ 8GB ပါဝင်ပါတယ်။ မင်မိုရီကတ်ကို 32GB အထိ ထပ်စိုက်ပြီး သုံးနိုင်တာကြောင့် မင်မိုရီပိုင်းမှာ အဆင်ပြေစေမှာဖြစ်ပါတယ်။ ဒါပေမယ့် RAM ကတော့ 1GB ပဲရှိလို့ ဂိမ်းတွေ၊ အပလီကေးရှင်းတွေ အများအပြားကို ပြိုင်တူသုံးချင်သူတွေအတွက် သိပ်အဆင်ပြေမှာ မဟုတ်ပါဘူး။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာက ၅မဂ္ဂါပစ်ဇယ်နဲ့ ရှေ့ကင်မရာက ၂ မဂ္ဂါပစ်ဇယ် ရှိပါတယ်။ ဘက်ထရီအနေနဲ့တော့ 1600mAh ဘက်ထရီကို သုံးထားပြီး အရောင်အနေနဲ့ Gold နဲ့ Rose Gold အရောင်နှစ်မျိုး ရှိပါတယ်။ ဈေးနှုန်းက ကျပ် ၁၃၅၀၀၀ ဝန်းကျင်ရှိပြီး အလယ်အလတ်တန်းဖုန်းတွေထဲမှာတော့ ဈေးနှုန်းနဲ့ အရည်အသွေးထိုက်တန်တဲ့ ဖုန်းတစ်ခုဖြစ်ပါတယ်။

**သူရဖြိုး**






ယခုပဲ နိုင်ငံတစ်ဝန်းမှာရှိတဲ့ နီးစပ်ရာ MAB အေးဂျင့် နှင့် MAB ဘဏ်ခွဲများသို့ အရောက်သွားပြီး ရိုးရှင်းမြန်ဆန်သော မှတ်ပုံတင်ခြင်းနှင့် အတူ MAB မိုဘိုင်းဘဏ်၏ငွေကြေးနှင့် အခြားဝန်ဆောင်မှုများကို စတင်သုံးစွဲလိုက်ပါ။

မြန်မာ့ရှေ့ဆောင်ဘဏ် ® အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၆၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## ရုံးသုံးနှင့် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါရုံးသုံးနှင့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Generator 500 KVA | - | 2 Nos |
| (ခ) | Air Conditioner (1.5 HP) Split Type | - | 20 Nos |
| (ဂ) | Air Conditioner (2.0 HP) Split Type | - | 10 Nos |
| (ဃ) | Duct Line Air Conditioner (40 HP) | - | 4 Nos |
| (င) | Mail Box Car | - | 3 Nos |
| (စ) | Digital Camera D-7200 (with Lens) | - | 5 Nos |
| (ဆ) | Computer Core i7 | - | 20 Nos |
| (ဇ) | Printer A3 with Scanner | - | 10 Nos |
| (ဈ) | Recorder | - | 25 Nos |
| (ည) | Portable Printer | - | 10 Nos |
| (ဋ) | Card Printer XID 8100 | - | 2 Nos |
| (ဌ) | **ရုံးသုံးပရိဘောဂမျိုးစုံ** | - | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၄-၅-၂၀၁၆ရက်မှ ၃-၆-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၆-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါ အဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန် လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ် (၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈** | **ရုံးအမှတ် (၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၂၇** |

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ်(၂/၂၀၁၆-၂၀၁၇)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက်း လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ Water Tank(4'x4'x4')
၂။ Camera (Model EOS-6D)24-105mmf/41Lens)
၃။ Video Camera(MDI-PMW 300KI)and Accessories
၄။ စိုက်ခင်းပေါင်းရှင်းစက်(ကျောပိုး)
၅။ ပျိုးဥယျာဉ်လုပ်ငန်းသုံးရေးစုပ်စက်
၆။ ဖိုင်ဘာစက်တပ်လှေ(16'10"x6'8"x2'6")(၁၀ယောက်စီး)
၇။ Plain Paper Copier(A3)(Canon iR 2520)
၈။ Colour Printer(Brother-MFC-J2720)
၉။ Fascimile(Canon L-170)
၁၀။ Piojector(Epson EBX 24)
၁၁။ ကွက်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ
၁၂။ ဓာတ်ခွဲခန်းသုံးပစ္စည်းများ
၁၃။ GPS(Garmin)
၁၄။ ရေခဲသေတ္တာ
၁၅။ လေအေးပေးစက်
၁၆။ Aircon(5HP)

၂။ တင်ဒါပေးသွင်းမှုကို ၂၅-၅-၂၀၁၆ရက် ၁၆း၀၀နာရီတွင်ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာများတွင် တစ်စောင်လျှင်(၅၀၀၀ိ/-)နှုန်းဖြင့်လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**

---

## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါတပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မီးသတ်ယာဉ်နှင့်အပိုပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့်ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၆-၅-၂၀၁၆ ရက်မှစ၍ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)တွင် ဝယ်ယူနိုင်ပြီး ၆-၆-၂၀၁၆ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၅၇၈၊ ၀၆၇-၄၁၂၅၇၉ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၀၆၇-၄၁၂၀၄၅ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၅၈၀၊ ၀၆၇-၄၁၂၅၈၂ |
| (ဃ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၃၇၄၊ ၀၆၇-၄၃၁၃၉၅ |
| (င) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၂၆၊ ၀၆၇-၄၃၁၄၂၀ |
| (စ) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအစား**
၁။ ခွဲကျောက်ရွယ်စုံ
၂။ ချောင်းသဲ
၃။ တောသစ်ရွယ်စုံ

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၂-၅-၂၀၁၆ ရက် |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၂၇-၅-၂၀၁၆ ရက် ညနေ ၄း၃၀နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၃၁-၅-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီ |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မကွေးခရိုင် လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၃-၂၃၀၅၃၊ ၂၅၈၈၆**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအစား**
(၁) ခွဲကျောက်ရွယ်စုံ
(၂) ချောင်းကျောက်စရစ်
(၃) မြေနီကျောက်စရစ်
(၄) ချောင်းသဲကြမ်း
(၅) ချောင်းသဲ
(၆) အုတ်
(၇) ဘိလပ်မြေ
(၈) သံချောင်းရွယ်စုံ
(၉) တောသစ်ရွယ်စုံ

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၃-၅-၂၀၁၆ ရက် |
| **တင်ဒါပုံစံပိတ်မည့်ရက်/အချိန်** | - | ၂၇-၅-၂၀၁၆ ရက် (ညနေ ၄း၃၀နာရီ) |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၃၁-၅-၂၀၁၆ ရက် (နံနက် ၁၀း၀၀နာရီ) |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဂန့်ဂေါခရိုင် လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၂-၅၀၀၂၈၊ ၀၉-၄၉၃၂၈၆၇၃**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်နှင့် လမ်းအထူးအဖွဲ့(၁၁) လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအစား**
(၁) ခွဲကျောက်ရွယ်စုံ
(၂) အုတ်
(၃) မြေနီကျောက်စရစ်
(၄) ကျောက်စရစ်(ချောင်း/မြစ်)
(၅) သံချောင်းရွယ်စုံ
(၆) သဲ(ချောင်း/မြစ်)
(၇) တောသစ်ရွယ်စုံ(အထူ/အပါး)
(၈) ဘိလပ်မြေ
(၉) ၈ပေ×၄ပေ ငါးထပ်သား

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၂-၅-၂၀၁၆ ရက် |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၂၇-၅-၂၀၁၆ ရက် (ညနေ ၄း၃၀နာရီ) |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၃၁-၅-၂၀၁၆ ရက် (နံနက် ၁၀း၀၀နာရီ) |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မင်းဘူးခရိုင် လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၅-၂၁၀၄၉၊ ၂၁၃၆၀**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)
## သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းတွင်အသုံးပြုရန် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသည်။

**(က) ဝယ်ယူရန်**
၁။ M.S Plate ဆိုဒ်စုံ
၂။ Chipping
၃။ မြစ်သဲ
၄။ Admixture Type G
၅။ တောသစ်(ကောင်းမှု)
၆။ Grouting Cement
၇။ လေအိုး/မီးအိုး
၈။ Welding Rod(20kg)
၉။ 5ply Wood
၁၀။ C-Chanel,H-Beam,Angle များ

**(ခ) ငှားရမ်းရန်**
၁၁။ Agitator ငှားရမ်းခြင်း
၁၂။ (1000 Ton)Barge တွဲငှားရမ်းခြင်း

| | | |
|---|---|---|
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၂၂-၅-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၂၃-၅-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ |
| **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေး စီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့။ |

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၆-၅-၂၀၁၆ ရက်မှ ၂၂-၅-၂၀၁၆ ရက်ထိ ရုံးချိန်အတွင်း သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေး အဖွဲ့(၁)နှင့် တည်ဆောက်ရေးအဖွဲ့(၄) စီမံကိန်းရုံးများ ဖုန်း-၀၅၇-၂၃၃၄၁ တွင် ဝယ်ယူနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် (Lot)အလိုက် တင်ဒါများဖိတ်ခေါ်အပ်ပါသည်-

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| က | (၁) Air Conditioner (2HP floors standing) | 3 Nos | 1.350 |
| | (၂) Conference (sound) system | 1 Lot | 7.000 |
| ခ | (၁) အရာရှိစားပွဲ (၆'×၄'×၂'၆") | ၁၀လုံး | 2.000 |
| | (၂) အရာရှိကုလားထိုင်(၁'၈"×၂'၃"×၁'၆") | ၁၀လုံး | 0.800 |
| | (၃) ဖိုင်တင်စင်(ကျွန်း)(၄'×၁'၄"×၅') | ၅စင် | 0.600 |
| | (၄) ဗီရို (ကျွန်း) (၆'×၃'×၁'၁၀") | ၅လုံး | 1.250 |

**လူမှုဝန်ထမ်းဦးစီးဌာန**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး မြို့နယ် | လုပ်ငန်းအမျိုးအစား | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| က | နေပြည်တော် ဥတ္တရသီရိမြို့နယ် | ဥတ္တရသီရိမူလတန်းကြိုကျောင်းဆောက်လုပ်ခြင်း<br>- (၁၅၀'×၃၀'×၁၂')၁ထပ်(L)ပုံစံ RC ကျောင်းဆောင်(၁)လုံးဆောက်လုပ်ခြင်း (ရေ၊ မီး၊မိလ္လာ၊ပေါ်တီကိုအပါအဝင်)<br>- ၂"စက်ရေတွင်း+သံရေစင်တည်ဆောက်ခြင်း (မော်တာ+ကွန်ပရက်ဆာ၊ရေစက်အိမ်အပါအဝင်)<br>- (၂၀'×၁၅'×၁၂')(၁)ထပ် RC မီးဖိုချောင် ဆောက်လုပ်ခြင်း(ရေ၊မီး၊ အပါအဝင်) | ၁၃၁.၂၅၀ |

**လူမှုဝန်ထမ်းဦးစီးဌာန**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| ခ | (၁) Air Conditioner(Spilt Type 1.5 HP) | 10Nos | 4.000 |
| | (၂) Vocal Mic | 2Set | 0.315 |
| | (၃) Sound Card | 1 Set | 0.420 |
| | (၄) Speaker Stand | 1Set | 0.210 |
| ဂ | (၅) Computer (Intelcore i7-34 Ghz CPU)Segate 2TB2000 GB HDD SATA | 28Nos | 25.200 |
| ဃ | (၆) Laser Printer A4 LBP 2900 | 10Nos | 1.500 |
| | (၇) Digital Multi Function Copier(Canon iR 2002) | 3Nos | 4.800 |
| | (၈) Color Printer A3 | 5Nos | 1.250 |
| | (၉) Laser Fax Machine | 5Nos | 2.000 |
| | (၁၀) Hard drive 1000 GB SATA | 10Nos | 0.950 |

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး မြို့နယ် | လုပ်ငန်းအမျိုးအစား | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| က | နေပြည်တော် ဥတ္တရသီရိမြို့နယ် | ဥတ္တရသီရိခရိုင်ရုံး (၆၀'×၄၀'×၂၈')RCC(၂)ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း | ၁၁၀.၈၈၀ |
| ခ | နေပြည်တော် ရုံးအမှတ်(၂၃) | -အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနသို့ လျှပ်စစ်ဓာတ်အားပေး ပြင်ပရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း။ | ၂.၀၈၇ |
| | | -အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (၁၅၀'×၆၀'×၂၈')(၂)ထပ်အဆောက်အအုံတွင် (၂')ပတ်လည် ကြွေပြားခင်းခြင်း(၁၃၉.၄၂၅)ကျင်း | ၂၅.၁၂၂ |
| | | -အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု ဗဟိုဌာနတွင်(၁၀၀၀' )အုတ်ခြံစည်းရိုးကာရံခြင်း (ဂိတ်တံခါးနှစ်ပေါက်အပါအဝင်) | ၄၇.၂၅၀ |

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| က | (၁) Air Conditioner (Floor Standing Type 5 HP) ပစ္စည်းဝယ်ယူခြင်း | 4 Nos | 4.400 |
| | (၂) Air Conditioner (1.5HP Split Type Chigo) အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (၁၅၀'×၆၀'×၂၈') အဆောက်အအုံတွင် တပ်ဆင်ရန် (ပစ္စည်းဖိုး၊ တပ်ဆင်ခြင်း လုပ်အားခအပါအဝင်) | 27 Nos | 11.6235 |
| ခ | (၁) Projector (3300)Lumens 1024x768 pixeks (XGA) HDM Input 8000 hour Lamplife Day Light View Direct Power off | 3 Nos | 2.970 |
| | (၂) Screen (Tripod Screen) (60"x60") | 3 Nos | 0.3135 |
| | (၃) Computer (Core i5 4GB DDR3, 500GB) | 11 Nos | 9.2565 |
| | (၄) Colour Printer (Canon 6770) | 3 Nos | 0.711 |
| | (၅) Laser Printer (Canon LBP -2900) | 6 Nos | 1.050 |
| | (၆) Fax (Canon MF 215) All in one | 5 Nos | 1.350 |
| | (၇) Digital Multifunctional Copier | 2 Nos | 2.766 |
| ဂ | (၁) အရာရှိစားပွဲ(ကျွန်း) (၅'×၃'×၂.၅') | ၃လုံး | ၀.၈၂၅ |
| | (၂) အမှုထမ်းစားပွဲ(ကျွန်း) (၄'×၃'×၂.၅') | ၈လုံး | ၀.၈၈၀ |
| | (၃) လက်တန်းမဲ့ကုလားထိုင်(ကျွန်း) (၂'×၁.၃') | ၂၈လုံး | ၀.၉၈၀ |
| | (၄) ဗီရို(ကျွန်း)(၆'×၃'×၁.၅') | ၁၁လုံး | ၂.၄၂၀ |
| | (၅) ကွန်ပျူတာစားပွဲ(ကျွန်း)(၃'×၂.၇'×၁.၇') | ၁၃လုံး | ၁.၄၃၀ |
| | (၆) လက်တန်းပါကုလားထိုင်(ကျွန်း)(၂.၇'×၁.၃') | ၃လုံး | ၀.၁၆၈ |
| | (၇) စာတင်စင်(ကျွန်း) (၃'×၁.၂"×၃') | ၂ စင် | ၀.၁၅၄ |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** | - | ၇-၅-၂၀၁၆ မှ ၁၁-၅-၂၀၁၆ထိ ၀၉း၃၀မှ ၁၆း၃၀နာရီထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** | - | ၁၆-၅-၂၀၁၆မှ ၁၇-၅-၂၀၁၆ထိ ၀၉း၃၀မှ ၁၆း၃၀နာရီထိ |
| (ဂ) | **တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ** | - | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃) နေပြည်တော် |
| (ဃ) | **တင်ဒါဖွင့်ဖောက်မည့်ရက်** | - | ၂၃-၅-၂၀၁၆ နံနက် ၁၀း၀၀မှ ၁၂း၀၀နာရီထိ တည်ဆောက်ရေးလုပ်ငန်းများအတွက် ၁၃း၀၀မှ ၁၆း၃၀နာရီထိ ပစ္စည်းဝယ်ယူခြင်း လုပ်ငန်းများအတွက် |

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ပေးသွင်းပြေစာမိတ္တူကို သတ်မှတ်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။ လုပ်ငန်းတစ်ခု ထက်ပို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံ ကြေးပေးသွင်းပြီး သတ်မှတ်တင်ဒါတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးလုပ်ငန်းများအတွက် ဖုန်း-၀၆၇-၄၀၄၁၉၆၊ လူမှုဝန်ထမ်းဦးစီးဌာနလုပ်ငန်းများအတွက် ဖုန်း-၀၆၄-၄၀၄၁၀၂၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၁၃၊ ၀၆၇-၄၀၄၀၄၆၊ ၀၆၇-၄၀၄၀၄၇၊ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**


မြန်မာနိုင်ငံတွင် စက်တပ်ယာဉ်များ အန္တရာယ်ကင်းစွာ
လှုပ်ရှားသွားလာနိုင်ရေး ကူညီပံ့ပိုးပေးပါသည်
make.mm-bosch.com
ဘော့ရှ်သည် အရည်အသွေးယုံကြည်စိတ်ချရမှုနှင့် ဆန်းသစ်တီထွင်ထားသော
နည်းပညာတို့ဖြင့် ဂုဏ်ယူဂင့်ကြွားနိုင်သည့် မော်တော်ယာဉ်ဆိုင်ရာစက်ပစ္စည်းများကို
ထုတ်လုပ်ခဲ့ပါသည်။ မှန်သုတ်တံ၊ spark plugs နှင့် ဘက်ထရီများသည်
သင်၏မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ လှုပ်ရှားသွားလာနိုင်ရန် ကူညီပံ့ပိုးပေးပါသည်။
ကျွန်ုပ်တို့တီထွင်ထားသော စက်မှုနည်းပညာများသည် လူနေမှုဘဝများခေတ်မီတိုးတက်
ပြောင်းလဲစေရန် ကူညီပံ့ပိုးပေးပါသည်။
BOSCH
ဘဝတစ်သက်တာစက်မှုနည်းပညာ




## ကန့်ကွက်နိုင်ပါသည်

မုံရွာမြို့၊ လယ်တီရပ်၊ အမှတ်(၃)လမ်း၊ အကွက်အမှတ်၆၇၅ ဧရိယာ ၀ ဒသမ ၀၇၃၈ဧကအား ဦးကျော်ဆွေအမည်ဖြင့် မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဂရန်အမှတ်တွဲအမှတ် ၆၁ (၉၅/၉၆)အရ နှစ် ၃၀ မြေငှားဂရန်ရရှိထားသော ဂရန်စာချုပ်မူရင်းအား ကျွန်တော် ဦးသိန်းလှိုင်မှ နှစ်ဖက်အသိသက်သေများရှေ့မှောက်တွင် လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဂရန်ပျောက်ဆုံးအမည်ပြောင်း လျှောက်ထားသွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်လာပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်းနှင့် အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းလှိုင်**
**၅/ဟမလ(နိုင်)၀၂၈၆၇၁**
**လယ်တီရပ်၊ မုံရွာမြို့**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ ဂျီ၊ မြေကွက်အမှတ် ၆၈-င/၁-၁င[1]+၆၈-င/၁-၁င[2]+လမ်းမြေ ၆၈-င /၁-၁င[3]၊ အကျယ်အဝန်း ၀ ဒသမ ၁၀၅၈ဧက+၀ ဒသမ ၀၂၉၈ဧက +လမ်းမြေ ၀ ဒသမ ၀၀၆၈ဧကရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင် စုပေါင်းလမ်းသွယ်၊ အမှတ် ၈၁E/၃ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးစိုးငွေ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၉၉၈/၂၀၁၆ရရှိသူ ဦးသက်ဝင်း ၁၂/မဂတ(နိုင်) ၀၆၉၁၅၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ် ၃၂၊ အခန်းအမှတ် ၁၀၊ ဒုတိယထပ်၊ ၂၃ လမ်း၊ လသာမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ဂရန်မူရင်းပျောက်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG ၊ မြေကွက်အမှတ် ၂၆၃၊ မြေကွက်တည်နေရာ အမှတ် ၂၄၊ အနောက်ဗဟိုလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်ရင်ရင်လှ (၁၂/ဗဟန(နိုင်)၀၅၁၀၉၈) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ရင်ရင်လှမှ ဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် မည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း မရှိပါကြောင်း ၁၃-၁-၂၀၁၆ ရက်နေ့ ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြရန် မိတ္တူလျှောက်ထားခြင်းအား (၈-၁၂-၂၀၁၅) ရက်နေ့ မြို့တော်သတင်းစာ၊ (၉-၁၂-၂၀၁၅) ရက်နေ့ မြန်မာ့အလင်းသတင်းစာ၊ (၁၃-၁၂-၂၀၁၅) ရက်နေ့ ကြေးမုံသတင်းစာတို့တွင် ကန့်ကွက်ရန်ရှိ-မရှိ ကြော်ငြာထည့်သွင်းခဲ့သော်လည်း ကန့်ကွက်သူမရှိသဖြင့် (၁၄-၁-၂၀၀၃) ရက်နေ့တွင် ထုတ်ပေးခဲ့သော မြေငှားစာချုပ်အမှတ် ၁၁/၂၀၀၃ ၏ နှစ် (၆၀) ဂရန်မူရင်းအားပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**၃-၅-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာ စာ-၂၄(ကြော်ငြာ)တွင်**
**ဦးဇော်အောင် ၁၂/ပဇတ(နိုင်)၀၁၂၀၉၆နှင့်**
**အများသိစေရန် ကြေညာခြင်းနှင့်စပ်လျဉ်း၍**

## ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဦးဇော်အောင် ၁၂/ပဇတ(နိုင်)၀၁၂၀၉၆ အမှတ်(၂၈၃/အေ)၊ ခ/၈လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူ ညီအစ်ကို မောင်နှမများနှင့် အများသိစေရန် အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကွယ်လွန်သူမိဘများချန်ရစ်ခဲ့သည့် အမွေပုံပစ္စည်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၁၆-၁-၂၀၁၅ရက် အကြောင်းပြန်ကြားစာနှင့် ၂၀-၂-၂၀၁၅ရက်စွဲပါ ရှင်းလင်းပြန်ကြားစာတို့ဖြင့် သက်ဆိုင်သူများသို့ ဦးဇော်အောင်မှ ပြန်ကြားရှင်းလင်းပြီးဖြစ်ပါသည်။

၃-၅-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် သက်ဆိုင်သူ ညီအစ်ကိုမောင်နှမများ ဖော်ပြကြေညာသည့် အခန်းတွင်းသို့ ဦးဇော်အောင်သည် အတင်းအဓမ္မ ဝင်ရောက်သိမ်းယူခြင်း၊ တရားမဝင်နေထိုင်ခြင်းတို့မရှိပါ။ ထို့အပြင် အမွေပုံပစ္စည်းများကို ရွှေ့ပြောင်းစွန့်ပစ်၊ ဖျက်ဆီးခြင်းမျိုးပြုလုပ်ခဲ့ခြင်းမရှိဘဲ အမွေဆိုင်ခန်းအား သားတစ်ဦး၏ ဝတ္တရားနှင့်အညီ ရှင်းလင်းစောင့်ရှောက်ခြင်းသာဖြစ်ပါသည်။ ညီအစ်ကိုမောင်နှမများမှ ကိစ္စရပ်အမှန်ကို စုံစမ်းခြင်းသိရှိခြင်းမရှိဘဲ ဦးဇော်အောင်အား မဟုတ်မမှန် စွပ်စွဲဖော်ပြကြေညာနေခြင်းသာ ဖြစ်ပါသည်။

မိဘများကွယ်လွန်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၉)လမ်း၊ တိုက်အမှတ်(၁၇၀/၁၇၂)တွင် အမွေပုံပစ္စည်းအဖြစ် ပထမထပ်ရှိ အခန်းအမှတ်(၂/အေ)နှင့် (၂/ဘီ)အခန်း(၂)ခန်းကျန်ရှိခဲ့ပြီး၊ ကျန်ညီအစ်ကို မောင်နှမများ၏ သဘောတူညီမှုမပါရှိဘဲ အခန်းအမှတ်(၂/ဘီ)အား ဒေါ်မြင့်မြင့်စန်း၊ ဦးတင်မောင်ဝင်း၊ ဦးဇော်နိုင်တို့မှ အငှားချထားလျက်ရှိရာ အိမ်ငှားများအား ရှင်းလင်း ဖယ်ရှားပေးရန်နှင့် ဒေါ်ကြည်ကြည်ခင် ၁၂/ပဇတ(နိုင်)၀၁၁၇၉၂မှ မိဘများနှင့်နေစဉ် (၁၁)နှစ်တာကာလအတွင်း ငှားရမ်းခငွေများကို ရှင်းလင်းပါရန် တောင်းဆိုလိုက်ပါသည်။ ကွယ်လွန်သူမိခင်ကြီး ဒေါ်မြရီအမည်ပေါက်မြေဂရန်မှာ ဒေါ်မြင့်မြင့်စန်း၏လက်ဝယ်တွင်ရှိနေပါသည်။

ဒေါ်မြင့်မြင့်စန်း၊ ဦးတင်မောင်ဝင်း၊ ဦးဇော်နိုင်တို့မှ ဦးဇော်အောင်အား သတင်းစာများတွင် ထည့်သွင်းကြော်ငြာမှုများသည် မဟုတ်မမှန်စွပ်စွဲကြေညာချက်များဖြစ်ပြီး ဦးဇော်အောင်၏ ဂုဏ်သိက္ခာတရား ထိခိုက်ပါသဖြင့် ဤသက်ဆိုင်သူ(၃)ဦးမှ ဦးဇော်အောင်အား ပြန်လည်တောင်းပန်ရန်နှင့် မဟုတ်မမှန်စွပ်စွဲမှု၊ ကြေညာမှုများကို ဆက်လက်မပြုလုပ်ရန် တားမြစ်အပ်ပါသည်။

အထက်ဖော်ပြပါ အမွေပုံပစ္စည်းတိုက်ခန်း(၂)ခန်းအား မှန်ကန်သော ညှိနှိုင်းမှုများဖြင့်အညီအမျှ ခွဲဝေမည်ဆိုပါက ဆောင်ရွက်ရန်အသင့်ရှိပါကြောင်းနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါကလည်း ရင်ဆိုင်ဖြေရှင်းမည်ဖြစ်ပါကြောင်း ညီအစ်ကိုမောင်နှမများနှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်အောင်** | **ဒေါ်မေကျော်စိုး LL.B** |
| **၁၂/ပဇတ(နိုင်)၀၁၂၀၉၆** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၇၇၅၉)** |
| | **အမှတ်(၅၀)၊ ပထမထပ်၊အခန်း(စီ-၅)** |
| | **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်မြို့** |
| | **ဖုန်း-၀၉-၃၁၂၈၆၄၉၉** |

**ဒို့အောင်ပန်းခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

ဒို့အောင်ပန်းခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းပိုင်ရှင်ဖြစ်သူ ဦးလင်းမောင်မောင် ၁၃/ကလန(နိုင်)၀၁၄၉၄၉၊ အိမ်အမှတ် ၁၅၊ မင်္ဂလာရပ်ကွက်၊ အောင်ပန်းမြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများပြည်သူများသို့ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးလင်းမောင်မောင်သည် ဒို့အောင်ပန်းခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့၏ ၂၁-၇-၂၀၁၄ရက်စွဲပါ စာအမှတ် ၁၂၇၂/ရှမ်းနယ် ကရဖ/၁၄/၂၀၁၄ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားပြီး ခရီးသည်သယ်ယူပို့ဆောင်ရေးနှင့် အခြားစပ်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများ၌ ဒို့အောင်ပန်းခရီးသည်သယ်ယူပို့ဆောင်ရေးအမည်ကို အသုံးပြု၍ ရှမ်းပြည်နယ်တစ်ဝန်းတွင် ဆောင်ရွက်လျက်ရှိပါသည်။ ဦးလင်းမောင်မောင်သည် မိမိလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော ဒို့အောင်ပန်းခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားစပ်ဆိုင်သောဝန်ဆောင်မှုလုပ်ငန်းများအတွက် မိမိကိုယ်စားအလုံးစုံ ဆောင်ရွက်နိုင်ရန် မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်အသင်းအဖွဲ့ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ ခန့်အပ်ခြင်းများကို ပြုလုပ်ထားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ မည်သူမဆို မရိုးဖြောင့်သောသဘောဆန္ဒဖြင့် ဒို့အောင်ပန်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ အကျိုးစီးပွားကို ပျက်စီးဆုတ်ယုတ်စေရန်အလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် ဒို့အောင်ပန်းအမည်ကို အသုံးပြု၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေနိုင်သောအမည်ကို ပြုလုပ်အသုံးပြု၍သော်လည်းကောင်း၊ ကြော်ငြာခြင်းနှင့် အခြားစပ်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။ ဖော်ပြပါအသိပေးမေတ္တာရပ်ခံချက်ကို ဖောက်ဖျက်၍ ဆောင်ရွက်လာသူမည်သူ တစ်ဦးတစ်ယောက်၊ မည်သည့်အသင်းအဖွဲ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူများ သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ရည်ဝေနိုင် (LL.B)** | **ဦးချမ်းငြိမ်းထွန်း (LL.B)** | **ဦးအေးမင်းမြတ် (LL.B)** |
| **စဉ်-၄၄၈၇၈** | **စဉ်-၄၅၁၀၅** | **စဉ်-၄၆၈၂၆** |
| **ဖုန်း-၀၉-၃၆၂၀၁၁၈၂** | **ဖုန်း-၀၉-၇၈၄၀၁၅၇၈၁** | **ဖုန်း-၀၉-၄၂၈၃၂၁၂၅၄** |

**အထက်တန်းရှေ့နေများ**
**အမှတ် (၄၅၈)၊ ညောင်ပင်ထောင်ရပ်ကွက်၊ အောင်ပန်းမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၅-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၂၇တွင်ပါရှိသော ကန့်ကွက်ရန်ကြော်ငြာတွင် ဦးတင်မောင်အစား ဦးခင်မောင်ဟု ဖတ်ရှုပါရန်။ **ဦးခင်မောင်**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ကျိုင်းတုံမြို့၊ အမှတ် ၉၃၂၊ ထောက်ပို့တပ်နေ ဦးစံလင်း၏သမီး မချိုချိုလင်းမောင် ၁၃/ကတန(နိုင်) ၁၂၆၆၀၄အား မချိုချိုလင်းမောင်(ခ) မခင်ကျော့ကျော့စံဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/7186 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## မွေးစားသမီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်အပိုင်း(ခ)၊ အိမ်အမှတ် ၁၈၃ နေ (ဦးမြင့်ဝေ)နှင့် ဒေါ်မိုးမိုးအေး ၁၃/ညရန(နိုင်)၀၃၉၂၅၀ ၏ မွေးစားသမီး(တူမ)ဖြစ်သူ မခင်ချောငယ်၁၃/တခလ(နိုင်)၀၆၇၂၄၃သည် ကျွန်မ၏ဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ ၂၉-၃-၂၀၁၆ ရက်တွင် မိမိ၏ သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပြီး ၁၇-၄-၂၀၁၆ ရက်တွင် သဘောမတူသည့်သူနှင့် လိုက်သွားပါသဖြင့် ၎င်းအား မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများ ဖြစ်ပေါ်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးအေး**
**၁၃/ညရန(နိုင်)၀၃၉၂၅၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6017 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီအစုရှယ်ယာများအား ရန်ကုန်စတော့အိတ်ချိန်း၌ မေ ၂၀ တွင် စတင်အရောင်းအဝယ်ပြုလုပ်မည်




သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

**ရန်ကုန်  မေ  ၆**

မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ (MTSH) ၏ အစုရှယ်ယာများကို ၂၀၁၆ ခုနှစ် မေ ၂၀ တွင် ရန်ကုန် စတော့အိတ်ချိန်း၌ စတင်ရောင်းဝယ်မှုပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ အများပိုင်ကုမ္ပဏီက ယနေ့ ကြေညာလိုက်သည်။

မြန်မာသီလဝါအထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာ ၂ ဒသမ ၁၄၅ သန်းကို တစ်စုလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ဘဏ်ခွဲပေါင်း ၄၅၀ တွင် ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်နေ့မှ ဧပြီ ၉ ရက်နေ့အထိ ရောင်းချခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် အစုရှယ်ယာရှင်ပေါင်း ၁၆၇၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီလီမိတက်အနေဖြင့် ရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းသွင်းရောင်းဝယ်ခွင့်ရခဲ့သောကြောင့် ကုမ္ပဏီအနေဖြင့် စီးပွားရေးချဲ့ထွင်နိုင်ရေးအတွက် လိုအပ်သော ရင်းနှီးငွေများ ရရှိလာမည်ဖြစ်ပြီး အစုရှယ်ယာတန်ဖိုးများ စဉ်ဆက်မပြတ် တန်ဖိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းသို့ စာရင်းဝင်ခွင့်ရရှိခြင်းကြောင့် ကုမ္ပဏီ၏ ဖွဲ့စည်းအုပ်ချုပ်မှုကိုလည်း ပိုမိုကောင်းမွန်တိုးတက်လာစေမည်ဟု မျှော်လင့်ကြောင်း ၎င်းတို့၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

## နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ဗျူရိုမှ ဟီလာရီ ကလင်တန်ကို တွေ့ဆုံမေးမြန်းရန် စီစဉ်

စာမျက်နှာ-၁၀

## ဖားကန့်တွင် မြေစာပိ၍ ၁၃ ဦး သေဆုံး

စာမျက်နှာ-၁၂

## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ

၆-၅-၂၀၁၆

| | | | |
|---|---|---|---|
| နေပြည်တော် | ၈ | ဒသမ | ၃ |
| ရန်ကုန် | ၁၀ | ဒသမ | ၁ |
| မန္တလေး | ၉ | ဒသမ | ၈ |




# မစ္စဝေါလ် ၂၀၁၆ ပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ရန် ဆန်ခါတင် အလှမယ် ၂၀ ရွေးချယ်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

**ရန်ကုန်  မေ  ၆**

တရုတ်နိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်သော Miss World 2016 ပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် Miss Myanmar World 2016 ဆန်ခါတင်အလှမယ် ၂၀ ရွေးချယ်ပွဲကြီးကို ရန်ကုန်မြို့ ချက်ထရီယံ ဟိုတယ်၌ ယနေ့မွန်းလွဲ ၂နာရီတွင် ကျင်းပသည်။

မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် (၆၆)ကြိမ်မြောက် Miss World 2016 ပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်ကတည်းက Miss Myanmar World 2014 ပြိုင်ပွဲများကျင်းပပြီး စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုအကြိမ်ဆိုလျှင် သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုသုံးကြိမ်မြောက်ဝင်ရောက်ယှဉ်ပြိုင်မည့် Miss World 2016 ပြိုင်ပွဲကြီးအတွက် ပြိုင်ပွဲဝင်အလှမယ်များကို အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာများ ခေါ်ယူခဲ့ကာ ဧပြီ ၂၉ ရက်မှ မေ ၃ ရက်အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့ မြေနီကုန်းရှင်စောပုလမ်းရှိ Myanmar Event Park ၌ လူတွေ့စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ကနဦး လျှောက်လွှာ ၉၀ ကျော်ထဲမှ

စာမျက်နှာ ၁၂ ကော်လံ ၁ ❖



Miss Myanmar World 2016 ၏ နောက်ဆုံးဆန်ခါတင်ရွေးချယ်ခံရသည့် အလှမယ်တချို့ကိုတွေ့ရစဉ်

